# ၂၀၂၀-၂၀၂၁ ခု၊ ဘဏ္ဍာရေးနှစ်
# အစိုးရ၏ကြွေးမြီဆိုင်ရာ နှစ်ပတ်လည်အစီရင်ခံစာ

နေရာ၊ နေပြည်တော်

ရက်စွဲ၊ ၂၀၂၂ ခုနှစ်၊ အောက်တိုဘာလ ၇ ရက်

**စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန**

# ၂၀၂၀-၂၀၂၁ ခု၊ ဘဏ္ဍာရေးနှစ်
# အစိုးရ၏ကြွေးမြီဆိုင်ရာ နှစ်ပတ်လည်
# အစီရင်ခံစာ

# ဥပဒေဗျာဇင်

၁။ ၂၀၁၆ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့သည့် ပြည်သူ့ကြွေးမြီစီမံခန့်ခွဲမှုဥပဒေ ပုဒ်မ ၃၇ နှင့်အညီ ပြုစုထားသည့် ဤအစီရင်ခံစာတွင် ၃၀-၉-၂၀၂၂ ရက်နေ့ရှိ အစိုးရ၏ ပြည်တွင်း/ပြည်ပကြွေးမြီ အခြေအနေ၊ ဘဏ္ဍာနှစ်အတွင်း လက်မှတ်ရေးထိုးခဲ့သည့် ချေးငွေစာချုပ်များနှင့် နိုင်ငံတော်ကိုယ်စား စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနက ပြည်ပချေးငွေများကို တာဝန်ခံချေးယူပြီး ထပ်ဆင့်ထုတ်ချေးထားမှုအခြေအနေ စသည်တို့ကို ပြည့်စုံစွာရှင်းလင်းဖော်ပြထားပါသည်။

၂။ နိုင်ငံတော်၏ ဘတ်ဂျက်လိုငွေအား ဖြည့်ဆည်းရာတွင် ကုန်ကျစရိတ်အသက်သာဆုံးဖြစ်ရန်နှင့် ဘဏ္ဍာငွေပြန်လည်ဖြည့်ဆည်းမှုဆိုင်ရာ ဆုံးရှုံးနိုင်ခြေအနည်းဆုံးဖြစ်ရန် ဦးစားပေးဆောင်ရွက်လျက်ရှိပါသည်။ တစ်ဖက်တွင်လည်း နိုင်ငံအတွက် ကြွေးမြီဝန်ထုတ်ဝန်ပိုးမဖြစ်စေရန် အလေးအနက်ထား၍ စီမံခန့်ခွဲဆောင်ရွက်လျက်ရှိပါသည်။ နိုင်ငံတကာအဆင့်မီ ခိုင်မာအားကောင်းသည့် ပြည်သူ့ကြွေးမြီစီမံခန့်ခွဲမှုစနစ် ဖြစ်ပေါ်လာစေရေးအတွက် ဆောင်ရွက်လျက်ရှိသည့်အားလျော်စွာ နိုင်ငံတော်၏စီးပွားရေးမူဝါဒများ၊ ဖွံ့ဖြိုးတိုးတက်မှုရည်မှန်းချက်များနှင့် ကိုက်ညီမှုရှိစေရန်လည်း သုံးသပ်ဆောင်ရွက်လျက်ရှိပါသည်။

၃။ နိုင်ငံတော်၏ ကြွေးမြီစီမံခန့်ခွဲမှုဆိုင်ရာ ဆောင်ရွက်ချက်များနှင့် ကြွေးမြီအခြေအနေများကို အများပြည်သူတို့က ရှင်းလင်းလွယ်ကူစွာသိရှိနိုင်စေရန် ရည်သန်၍ ထုတ်ပြန်ခဲ့သည့် **"အစိုးရ၏ကြွေးမြီဆိုင်ရာ နှစ်ပတ်လည်အစီရင်ခံစာ"**အား ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ပေးကြပါသော ငွေတိုက်ဦးစီးဌာနမှ အရာထမ်း၊ အမှုထမ်းများကို အထူးကျေးဇူးတင်ရှိပါကြောင်းနှင့် နိုင်ငံတော်ကချမှတ်သည့် မူဝါဒများနှင့်အညီ ကြွေးမြီစီမံခန့်ခွဲမှု ခိုင်မာအားကောင်းလာစေရေး ကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းအပ်ပါသည်။

(ဝင်းရှိန်)

ပြည်ထောင်စုဝန်ကြီး

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| ၁။ | နိဒါန်း | ၁ |
| ၂။ | အစိုးရကြွေးမြီအခြေအနေ | ၁-၃ |
| ၃။ | ပြည်ပကြွေးမြီအခြေအနေ | ၃-၁၉ |
| | - ကာလအပိုင်းအခြားအလိုက်ရယူခဲ့သည့် ပြည်ပကြွေးမြီအခြေအနေ | ၃-၅ |
| | - မြီရှင်နိုင်ငံ/ အဖွဲ့အစည်းအလိုက် ပြည်ပကြွေးမြီအခြေအနေ | ၆-၇ |
| | - ဝန်ကြီးဌာန/ အဖွဲ့အစည်းအလိုက် ပြည်ပကြွေးမြီအခြေအနေ | ၇-၈ |
| | - ၂၀၂၀-၂၀၂၁ ခု၊ ဘဏ္ဍာရေးနှစ်တွင် ပြည်ပချေးငွေစာချုပ်ချုပ်ဆိုမှုအခြေအနေ | ၈-၁၁ |
| | (က) မြီရှင်နိုင်ငံ/အဖွဲ့အစည်းအလိုက် ချေးငွေစာချုပ်ချုပ်ဆိုမှု | ၈-၉ |
| | (ခ) ဝန်ကြီးဌာန/အဖွဲ့အစည်းအလိုက် ချေးငွေစာချုပ်ချုပ်ဆိုမှု | ၉-၁၁ |
| | - ၂၀၂၀-၂၀၂၁ ခု၊ ဘဏ္ဍာရေးနှစ်တွင် ကဏ္ဍအလိုက် ပြည်ပချေးငွေစာချုပ်ချုပ်ဆိုမှုအခြေအနေ | ၁၁-၁၂ |
| | - ၂၀၂၀-၂၀၂၁ ခု၊ ဘဏ္ဍာရေးနှစ်တွင် ပြည်ပချေးငွေထုတ်ယူသုံးစွဲမှုနှင့် ပြန်လည်ပေးဆပ်မှုအခြေအနေ | ၁၂-၁၅ |
| | - ဝန်ကြီးဌာန/ အဖွဲ့အစည်းများ၏ ဘဏ္ဍာရေးနှစ်အလိုက် ပြည်ပကြွေးမြီအခြေအနေ | ၁၅-၁၇ |
| | - ကြွေးမြီရွှေ့ဆိုင်းခြင်းအစီအစဉ် | ၁၈-၁၉ |
| ၄။ | ပြည်တွင်းကြွေးမြီအခြေအနေ | ၁၉-၂၄ |
| | - ကာလအပိုင်းအခြားအလိုက်ရယူခဲ့သည့် ပြည်တွင်းကြွေးမြီအခြေအနေ | ၁၉ |
| | - အစိုးရငွေချေးသက်သေခံလက်မှတ်အမျိုးအစားအလိုက် ပြည်တွင်းကြွေးမြီအခြေအနေ | ၂၀ |
| | - ပြည်တွင်းကြွေးမြီဆိုင်ရာဆောင်ရွက်ချက်များ | ၂၀-၂၁ |

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | - ပြည်ထောင်စုအစိုးရအပ်ငွေစာရင်း၏ လိုငွေဖြည့်ဆည်းမှု | ၂၁ |
| | - ပြည်တွင်းချေးငွေများအပေါ် နိုင်ငံတော်ကကျခံရသည့်အတိုးစရိတ် | ၂၂-၂၄ |
| | - ဘဏ္ဍာရေးနှစ်အလိုက် ပြည်တွင်းကြွေးမြီအခြေအနေ | ၂၄ |
| ၅။ | အစိုးရက ငွေထုတ်ချေးခြင်းနှင့် ထပ်ဆင့်ငွေထုတ်ချေးခြင်း | ၂၅ |
| ၆။ | အစိုးရ၏အာမခံချက် | ၂၅ |
| ၇။ | သုံးသပ်ချက် | ၂၅-၂၆ |
| ၈။ | နိဂုံး | ၂၆ |

## ၂၀၂၀-၂၀၂၁ ခု၊ ဘဏ္ဍာရေးနှစ်
## အစိုးရ၏ကြွေးမြီဆိုင်ရာ နှစ်ပတ်လည်အစီရင်ခံစာ

**နိဒါန်း**

၁။ အစိုးရ၏ကြွေးမြီဆိုင်ရာ နှစ်ပတ်လည်အစီရင်ခံစာကို ပြည်သူ့ကြွေးမြီစီမံခန့်ခွဲမှုဥပဒေ ပုဒ်မ ၃၇ နှင့်အညီ ပြုစုပြီး ၂၀၁၅-၂၀၁၆ ခု၊ ဘဏ္ဍာရေးနှစ်မှစတင်၍ နှစ်စဉ်ထုတ်ပြန်လျက် ရှိရာ ယခုအခါ ၂၀၂၀-၂၀၂၁ ခု၊ ဘဏ္ဍာရေးနှစ်အတွက် (၆) ကြိမ်မြောက် အစီရင်ခံစာကို ထုတ်ပြန်ခြင်း ဖြစ်ပါသည်။

၂။ ပြည်သူ့ကြွေးမြီစီမံခန့်ခွဲမှုစနစ် ပိုမိုအားကောင်းလာစေရေးအတွက် ပြည်တွင်းဈေးကွက် ဖွံ့ဖြိုးတိုးတက်စေရန်ဆောင်ရွက်ခြင်း၊ ဆုံးရှုံးနိုင်ခြေများကို အနည်းဆုံးဖြစ်စေရန်ဆောင်ရွက်ခြင်း နှင့် ကြွေးမြီခံနိုင်ရည်ရှိမှုအခြေအနေအား လေ့လာဆန်းစစ်ခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါသည်။ ပြည်တွင်း၊ ပြည်ပမှချေးငွေများရယူရာတွင် နိုင်ငံတော်နှင့် ပြည်သူလူထုအတွက် အကျိုးရှိထိရောက် မည့် စီမံကိန်းများကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးနှင့် ကြွေးမြီဝန်ထုပ်ဝန်ပိုး မဖြစ်စေ ရေးအတွက် နိုင်ငံတော်၏ဘဏ္ဍာငွေလိုအပ်ချက်နှင့် ပေးရန်တာဝန်များကို ဆုံးရှုံးနိုင်ခြေအနည်းဆုံး နှင့် ကုန်ကျစရိတ်အသက်သာဆုံးဖြစ်စေရန် ဆောင်ရွက်လျက်ရှိပါသည်။

၃။ ဤအစီရင်ခံစာတွင် အောက်ပါအပိုင်း (၄) ပိုင်းပါဝင်ပါသည်-

- အပိုင်း (က) အစိုးရကြွေးမြီအခြေအနေ
- အပိုင်း (ခ) ပြည်ပကြွေးမြီအခြေအနေ
- အပိုင်း (ဂ) ပြည်တွင်းကြွေးမြီအခြေအနေ
- အပိုင်း (ဃ) အစိုးရက ငွေထုတ်ချေးခြင်းနှင့် ထပ်ဆင့်ငွေထုတ်ချေးခြင်း

## အပိုင်း (က)
## အစိုးရကြွေးမြီအခြေအနေ

**အစိုးရကြွေးမြီအခြေအနေ**

၄။ ၂၀၂၁ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက်နေ့ရှိ အစိုးရကြွေးမြီအခြေအနေမှာ အောက်ပါ အတိုင်းဖြစ်ပါသည်-


(ကျပ်ဘီလီယံ)

| စဉ် | အကြောင်းအရာ | ပမာဏ | ပါဝင်မှုရာခိုင်နှုန်း |
|---|---|---|---|
| | **ပြည်ပကြွေးမြီ** | ၁၈,၃၆၇ | ၃၁.၅% |
| (က) | အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများမှချေးငွေ | ၅,၂၂၃ | ၉.၀% |
| (ခ) | နှစ်နိုင်ငံအစိုးရကြားချေးငွေ | ၁၃,၁၄၄ | ၂၂.၅% |
| | **ပြည်တွင်းကြွေးမြီ** | ၃၉,၈၈၉ | ၆၈.၅% |
| (က) | အစိုးရငွေတိုက်စာချုပ် | ၁၀,၆၈၆ | ၁၈.၃% |
| (ခ) | အစိုးရငွေတိုက်လက်မှတ် | ၄,၃၅၄ | ၇.၅% |
| (ဂ) | ဗဟိုဘဏ်သို့ရောင်းချခြင်း | ၂၄,၈၄၉ | ၄၂.၇% |
| | **အစိုးရကြွေးမြီ** | **၅၈,၂၅၆** | **၁၀၀%** |

၅။ ၂၀၂၁ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက်နေ့ရှိ ကြွေးမြီနှင့်ဂျီဒီပီအချိုးမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

| | |
|---|---|
| ပြည်ပကြွေးမြီ | ကျပ် ၁၈,၃၆၇ ဘီလီယံ(ဂျီဒီပီ၏ ၁၆.၉၇%) |
| ပြည်တွင်းကြွေးမြီ | ကျပ် ၃၉,၈၈၉ ဘီလီယံ(ဂျီဒီပီ၏ ၃၆.၈၆%) |
| အစိုးရကြွေးမြီ | **ကျပ် ၅၈,၂၅၆ ဘီလီယံ(ဂျီဒီပီ၏ ၅၃.၈၃%)** |

၆။ ဘဏ္ဍာရေးနှစ်အလိုက် ကြွေးမြီနှင့်ဂျီဒီပီအချိုးမှာ အောက်ပါအတိုင်းဖြစ်ပါသည်-



၇။ ၂၀၂၀-၂၀၂၁ ခု၊ ဘဏ္ဍာရေးနှစ်တွင် စီမံကိန်း(၈)ခုအတွက် ချေးငွေစာချုပ်များ ချုပ်ဆိုခဲ့ပြီး အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများမှ ချေးငွေဖြင့် စီမံကိန်း(၅)ခုနှင့် နှစ်နိုင်ငံအစိုးရကြားချေးငွေဖြင့် စီမံကိန်း(၃)ခု တို့အတွက် သက်သာသောချေးငွေများရယူခဲ့ပါသည်။

၈။ ၂၀၂၀-၂၀၂၁ ခု၊ ဘဏ္ဍာရေးနှစ်တွင် ပြည်တွင်းမှငွေချေးယူခြင်းဖြင့် ပြည်ထောင်စုအစိုးရ အပ်ငွေစာရင်း၏လိုငွေအား ဖြည့်ဆည်းရာတွင် အသားတင်ဖြည့်ဆည်းသည့်ပမာဏမှာ ကျပ် ၉,၂၉၀.၇ ဘီလီယံရှိပါသည်။ ၎င်းအနက် မြန်မာနိုင်ငံတော်ဗဟိုဘဏ်ထံမှ အသားတင်ချေးယူငွေမှာ ကျပ် ၈,၉၈၂.၆ ဘီလီယံဖြစ်သဖြင့် စုစုပေါင်းအသားတင်ဖြည့်ဆည်းမှု၏ ၉၆.၇% ခန့် ရှိပါသည်။

## အပိုင်း (ခ)

## ပြည်ပကြွေးမြီအခြေအနေ

### ကာလအပိုင်းအခြားအလိုက်ရယူခဲ့သည့် ပြည်ပကြွေးမြီအခြေအနေ

၉။ စာချုပ်ချုပ်ဆိုခဲ့သည့် ကာလအပေါ်မူတည်၍ ၃၀-၉-၂၀၂၁ ရက်နေ့ရှိ ကာလအပိုင်းအခြားအလိုက် ပြည်ပကြွေးမြီအခြေအနေမှာ အောက်ပါအတိုင်းဖြစ်ပါသည်-


(အမေရိကန်ဒေါ်လာသန်းပေါင်း)

| စဉ် | အကြောင်းအရာ | စာချုပ်တန်ဖိုး | ထုတ်ယူသုံးစွဲငွေ | ပေးဆပ်ပြီးငွေ | ပေးဆပ်ရန်ကျန်ငွေ | |
|---|---|---|---|---|---|---|
| | | | | | ပမာဏ | ရာခိုင်နှုန်း |
| ၁ | ၁၉၈၈ ခုနှစ်မတိုင်မီကာလ | ၅,၅၂၇.၅၉၄ | ၅,၃၁၇.၃၆၂ | ၁,၃၄၃.၈၂၀ | ၃,၉၇၃.၅၄၂ | ၃၂.၉% |
| ၂ | ၁၉၈၈-၁၉၈၉ မှ ၂၀၁၀-၂၀၁၁ အထိ ကာလ | ၃,၉၉၈.၉၆၆ | ၃,၆၇၂.၄၆၀ | ၁,၇၈၈.၃၃၁ | ၁,၈၈၄.၁၂၉ | ၁၅.၆% |
| ၃ | ၂၀၁၁-၂၀၁၂ မှ ၂၀၁၅-၂၀၁၆ အထိ ကာလ | ၆,၅၀၁.၈၀၁ | ၄,၆၄၆.၁၉၉ | ၇၇၁.၄၁၂ | ၃,၈၇၄.၇၈၇ | ၃၂.၁% |
| ၄ | ၂၀၁၆-၂၀၁၇ မှ ၂၀၂၀-၂၀၂၁ အထိ ကာလ | ၉,၈၂၂.၀၀၅ | ၂,၃၅၁.၇၄၉ | ၀.၄၀၇ | ၂,၃၅၁.၃၄၂ | ၁၉.၄% |
| | **စုစုပေါင်း** | **၂၅,၈၅၀.၃၆၆** | **၁၅,၉၈၇.၇၇၀** | **၃,၉၀၃.၉၇၀** | **၁၂,၀၈၃.၈၀၀** | **၁၀၀%** |


မှတ်ချက်။ (၁) ချေးငွေရယူထားသည့် နိုင်ငံခြားငွေကြေးအမျိုးအစားအလိုက် စာရင်းပိတ်သိမ်းသည့်နေ့ရှိ နိုင်ငံခြားငွေလဲလှယ်နှုန်းဖြင့် အမေရိကန်ဒေါ်လာသို့ ပြောင်းလဲတွက်ချက်ထားပါသည်။

(၂) https://www.imf.org/ ဝက်ဘ်ဆိုက်မှ နိုင်ငံခြားငွေလဲလှယ်နှုန်းဖြင့် တွက်ချက်ထားပါသည်။


၁၀။ ကာလအပိုင်းအခြားပေါ်မူတည်၍ မြီရှင်နိုင်ငံ/ အဖွဲ့အစည်းများထံမှ ချေးယူထားသည့် ပြည်ပကြွေးမြီလက်ကျန်အခြေအနေမှာ အောက်ပါအတိုင်းဖြစ်ပါသည်-




၁၉၈၈ ခုနှစ် မတိုင်မီက ပြည်ပချေးငွေများအပေါ် ပေးဆပ်ရန်ကျန်ငွေမှာ ဂျပန်နိုင်ငံ၊ JICA ချေးငွေက အများဆုံးဖြစ်ပြီး ကမ္ဘာ့ဘဏ် (အိုင်ဒီအေ) ချေးငွေက ဒုတိယအများဆုံးဖြစ်ပါသည်။



၁၉၈၈-၁၉၈၉ မှ ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ် ကာလတွင် ပေးဆပ်ရန်ကျန်ငွေမှာ တရုတ်ပြည်သူ့သမ္မတနိုင်ငံက အများဆုံးဖြစ်ပြီး အိန္ဒိယနိုင်ငံက ဒုတိယအများဆုံး ဖြစ်ပါသည်။




၂၀၁၁-၂၀၁၂ မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ကာလတွင် ပေးဆပ်ရန်ကျန်ငွေမှာ ဂျပန်နိုင်ငံ၊ JICA ချေးငွေက အများဆုံးဖြစ်ပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံက ဒုတိယအများဆုံး ဖြစ်ပါသည်။




၂၀၁၆-၂၀၁၇ မှ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ် ကာလတွင် ပေးဆပ်ရန်ကျန်ငွေမှာ ဂျပန်နိုင်ငံ၊ JICA ချေးငွေက အများဆုံးဖြစ်ပြီး အိုင်အမ်အက်ဖ်က ဒုတိယအများဆုံး ဖြစ်ပါသည်။


၁၁။ ကာလအပိုင်းအခြားပေါ်မူတည်၍ ဝန်ကြီးဌာန/ အဖွဲ့အစည်းများက ချေးယူခဲ့သည့် ပြည်ပကြွေးမြီလက်ကျန်အခြေအနေမှာ အောက်ပါအတိုင်းဖြစ်ပါသည်-





၁၉၈၈ ခုနှစ် မတိုင်မီကာလတွင် ရယူခဲ့သော ပြည်ပချေးငွေများ၏ ဝန်ကြီးဌာနအလိုက် ပေးဆပ်ရန်ကျန်ရှိသည့် အခြေအနေကိုကြည့်ပါက နိုင်ငံတော်ကိုယ်စားတာဝန်ယူ၍ ပေးဆပ်ရသည့် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနက အများဆုံးဖြစ်ပြီး လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနက ဒုတိယအများဆုံးဖြစ်ပါသည်။




၁၉၈၈-၁၉၈၉ မှ ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ်ကာလတွင် ချေးငွေရယူခဲ့သည့် ဝန်ကြီးဌာနများအနက် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနက ပေးဆပ်ရန်ကျန်ငွေအများဆုံးဖြစ်ပြီး စက်မှုဝန်ကြီးဌာနက ဒုတိယအများဆုံးဖြစ်ပါသည်။




၂၀၁၁-၂၀၁၂ မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်ကာလတွင် ချေးငွေရယူခဲ့သည့် ဝန်ကြီးဌာနများအနက် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနက ပေးဆပ်ရန်ကျန်ငွေအများဆုံးဖြစ်ပြီး ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနက ဒုတိယအများဆုံးဖြစ်ပါသည်။




၂၀၁၆-၂၀၁၇ မှ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်ကာလတွင် ချေးငွေရယူခဲ့သည့် ဝန်ကြီးဌာနများအနက် နိုင်ငံတော်ကိုယ်စား တာဝန်ယူဆောင်ရွက်ရသည့် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနက ပေးဆပ်ရန်ကျန်ငွေအများဆုံးဖြစ်ပြီး ဆောက်လုပ်ရေးဝန်ကြီးဌာနက ဒုတိယအများဆုံးဖြစ်ပါသည်။

# မြီရှင်နိုင်ငံ/ အဖွဲ့အစည်းအလိုက် ပြည်ပကြွေးမြီအခြေအနေ

၁၂။ ၃၀-၉-၂၀၂၁ ရက်နေ့ရှိ မြီရှင်နိုင်ငံ/အဖွဲ့အစည်းအလိုက် ပြည်ပကြွေးမြီအခြေအနေမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(အမေရိကန်ဒေါ်လာသန်းပေါင်း)

| စဉ် | မြီရှင်နိုင်ငံ/ အဖွဲ့အစည်း | ချေးငွေပမာဏ | ထုတ်ယူသုံးစွဲငွေ | ပေးဆပ်ပြီးငွေ | ပေးဆပ်ရန် ကျန်ငွေ |
|---|---|---|---|---|---|
| | **အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ** | **၈,၀၃၆.၇၇၄** | **၄,၂၁၃.၈၅၆** | **၇၇၇.၄၁၃** | **၃,၄၃၆.၄၄၃** |
| ၁ | အေဒီဘီ | ၃,၁၅၉.၄၀၄ | ၁,၀၃၆.၀၆၁ | ၁၆၀.၀၄၀ | ၈၇၆.၀၂၁ |
| ၂ | အေအိုင်အက်ဖ် | ၂၀.၀၀၀ | ၈.၉၉၇ | ၀.၂၉၂ | ၈.၇၀၅ |
| ၃ | အိုင်ဒီအေ | ၄,၀၂၃.၀၆၉ | ၂,၃၉၀.၉၇၉ | ၅၉၉.၉၂၉ | ၁,၇၉၁.၀၅၀ |
| ၄ | အိုင်အက်ဖ်အေဒီ | ၈၃.၀၂၀ | ၂၆.၅၃၈ | - | ၂၆.၅၃၈ |
| ၅ | အိုပက် | ၂၃.၁၇၇ | ၂၃.၁၇၇ | ၁၇.၁၅၂ | ၆.၀၂၅ |
| ၆ | အိုင်အမ်အက်ဖ် | ၇၂၈.၁၀၄ | ၇၂၈.၁၀၄ | - | ၇၂၈.၁၀၄ |
| | **နှစ်နိုင်ငံအစိုးရကြားချေးငွေ** | **၁၇,၈၁၃.၅၉၂** | **၁၁,၇၇၃.၉၁၄** | **၃,၁၂၆.၅၅၇** | **၈,၆၄၇.၃၅၇** |
| | <u>ပဲရစ်ကလပ်အဖွဲ့ဝင်နိုင်ငံများ</u> | <u>၁၁,၄၃၇.၆၀၆</u> | <u>၆,၁၉၁.၆၈၆</u> | <u>၆၉၉.၅၀၇</u> | <u>၅,၄၉၂.၁၇၉</u> |
| ၇ | ဂျပန် | ၈,၆၅၄.၂၇၇ | ၄,၀၆၃.၅၁၉ | ၀.၈၉၄ | ၄,၀၆၂.၆၂၅ |
| ၈ | သြစတြီးယား | ၁၄၄.၁၁၃ | ၁၄၄.၁၁၃ | ၃၂.၅၅၃ | ၁၁၁.၅၆၀ |
| ၉ | ဖင်လန် | ၃.၀၇၉ | ၃.၀၇၉ | ၀.၇၂၂ | ၂.၃၅၇ |
| ၁၀ | ပြင်သစ် | ၅၇၃.၈၁၉ | ၅၇၃.၈၁၉ | ၁၆၅.၅၃၇ | ၄၀၈.၂၈၂ |
| ၁၁ | ဂျာမနီ | ၁,၀၁၇.၅၂၆ | ၉၈၄.၄၂၈ | ၃၇၈.၇၂၅ | ၆၀၅.၇၀၃ |
| ၁၂ | အီတလီ | ၅၇.၈၉၅ | ၃၁.၈၄၂ | - | ၃၁.၈၄၂ |
| ၁၃ | နယ်သာလန် | ၉.၅၉၀ | ၉.၅၉၀ | ၂.၂၃၆ | ၇.၃၅၄ |
| ၁၄ | အင်္ဂလန် | ၃၈.၉၆၄ | ၃၈.၉၆၄ | ၉.၁၁၃ | ၂၉.၈၅၁ |
| ၁၅ | ကိုရီးယား | ၉၃၈.၃၄၃ | ၃၄၂.၃၃၂ | ၁၀၉.၇၂၇ | ၂၃၂.၆၀၅ |
| | <u>ပဲရစ်ကလပ်အဖွဲ့ဝင်မဟုတ်သောနိုင်ငံများ</u> | <u>၆,၃၇၅.၉၈၆</u> | <u>၅,၅၈၂.၂၂၈</u> | <u>၂,၄၂၇.၀၅၀</u> | <u>၃,၁၅၅.၁၇၈</u> |
| ၁၆ | တရုတ် | ၅,၅၄၄.၇၄၄ | ၅,၁၀၈.၃၉၈ | ၂,၂၁၈.၇၆၁ | ၂,၈၈၉.၆၃၇ |
| ၁၇ | အေအက်ဖ်ဒီ | ၁၄၂.၀၇၄ | ၁.၂၆၀ | - | ၁.၂၆၀ |
| ၁၈ | အိန္ဒိယ | ၄၆၈.၅၆၈ | ၃၁၇.၉၃၅ | ၁၂၉.၂၅၂ | ၁၈၈.၆၈၃ |
| ၁၉ | ဆော်ဒီ | ၂.၉၄၆ | ၂.၉၄၆ | ၂.၂၀၀ | ၀.၇၄၆ |
| ၂၀ | ထိုင်း | ၉၃.၈၇၁ | ၂၇.၉၀၆ | ၁၉.၁၈၅ | ၈.၇၂၁ |
| ၂၁ | ဆာဗီးယား | ၆၅.၈၈၈ | ၆၅.၈၈၈ | ၅၇.၆၅၂ | ၈.၂၃၆ |
| ၂၂ | ပိုလန် | ၅၇.၈၉၅ | ၅၇.၈၉၅ | - | ၅၇.၈၉၅ |
| | **စုစုပေါင်း** | **၂၅,၈၅၀.၃၆၆** | **၁၅,၉၈၇.၇၇၀** | **၃,၉၀၃.၉၇၀** | **၁၂,၀၈၃.၈၀၀** |

မှတ်ချက်။ (၁) ချေးငွေရယူထားသည့် နိုင်ငံခြားငွေကြေးအမျိုးအစားအလိုက် စာရင်းပိတ်သိမ်းသည့်နေ့ရှိ နိုင်ငံခြားငွေလဲလှယ်နှုန်းဖြင့် အမေရိကန်ဒေါ်လာသို့ ပြောင်းလဲတွက်ချက်ထားပါသည်။

(၂) https://www.imf.org/ ဝက်ဘ်ဆိုက်မှ နိုင်ငံခြားငွေလဲလှယ်နှုန်းဖြင့် တွက်ချက်ထားပါသည်။

၁၃။ ၃၀-၉-၂၀၂၁ ရက်နေ့အထိ ပြည်ပချေးငွေစာချုပ်ချုပ်ဆိုမှုတွင် စုစုပေါင်းချေးငွေပမာဏ အမေရိကန်ဒေါ်လာ ၂၅,၈၅၀.၃၆၆ သန်းဖြစ်ပြီး စာချုပ်အများဆုံးချုပ်ဆိုခဲ့သည့် မြီရှင်နိုင်ငံ/ အဖွဲ့အစည်း(၅)ခုမှာ ဂျပန်နိုင်ငံ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ အိုင်ဒီအေ၊ အေဒီဘီနှင့် ဂျာမနီနိုင်ငံတို့ ဖြစ်ပါသည်။

## ဝန်ကြီးဌာန/ အဖွဲ့အစည်းအလိုက် ပြည်ပကြွေးမြီအခြေအနေ

၁၄။ ၃၀-၉-၂၀၂၁ ရက်နေ့ရှိ ဝန်ကြီးဌာန/ အဖွဲ့အစည်းအလိုက် ပြည်ပကြွေးမြီအခြေအနေမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(အမေရိကန်ဒေါ်လာသန်းပေါင်း)

| စဉ် | ဝန်ကြီးဌာန/ အဖွဲ့အစည်း | ချေးငွေပမာဏ | ထုတ်ယူသုံးစွဲငွေ | ပေးဆပ်ပြီးငွေ | ပေးဆပ်ရန်ကျန်ငွေ |
|---|---|---|---|---|---|
| ၁ | ပြည်ထောင်စုလွှတ်တော် | ၁.၆၃၆ | ၁.၅၆၄ | - | ၁.၅၆၄ |
| ၂ | ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး | ၁.၆၄၇ | ၁.၆၄၇ | - | ၁.၆၄၇ |
| ၃ | ကာကွယ်ရေးဝန်ကြီးဌာန | ၂၀၇.၇၁၉ | ၂၀၆.၅၀၇ | ၅၆.၆၄၉ | ၁၄၉.၈၅၈ |
| ၄ | ပြည်ထဲရေးဝန်ကြီးဌာန | ၉၉.၁၆၆ | ၉၉.၁၆၆ | ၂.၅၃၉ | ၉၆.၆၂၇ |
| ၅ | စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန | ၅,၀၄၀.၇၀၉ | ၄,၄၇၄.၆၄၇ | ၈၃၀.၂၃၆ | ၃,၆၄၄.၄၁၁ |
| ၆ | ပြန်ကြားရေးဝန်ကြီးဌာန | ၁.၈၇၆ | ၁.၈၇၆ | ၀.၄၄၀ | ၁.၄၃၆ |
| ၇ | စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန | ၁,၀၈၅.၈၄၇ | ၃၇၄.၁၉၅ | ၄၄.၅၁၃ | ၃၂၉.၆၈၂ |
| ၈ | သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေး ဝန်ကြီးဌာန | ၁,၃၄၀.၅၂၈ | ၉၈၂.၂၀၈ | ၃၂၂.၀၈၉ | ၆၆၀.၁၁၉ |
| ၉ | ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန | ၄,၁၀၃.၄၂၉ | ၂,၅၇၃.၈၆၈ | ၅၃၉.၉၀၄ | ၂,၀၃၃.၉၆၄ |
| ၁၀ | သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန | ၂၇.၂၆၄ | ၂၇.၂၆၄ | ၀.၀၁၄ | ၂၇.၂၅၀ |
| ၁၁ | လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန | ၇,၃၈၀.၈၅၈ | ၄,၆၈၈.၅၆၇ | ၁,၆၂၇.၁၁၃ | ၃,၀၆၁.၄၅၄ |
| ၁၂ | စက်မှုဝန်ကြီးဌာန | ၁,၆၅၀.၀၂၁ | ၁,၆၀၃.၂၅၁ | ၄၇၇.၂၈၉ | ၁,၁၂၅.၉၆၂ |
| ၁၃ | စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန | ၂၆.၂၉၈ | ၂၆.၂၉၈ | ၀.၀၁၃ | ၂၆.၂၈၅ |
| ၁၄ | ပညာရေးဝန်ကြီးဌာန | ၂၇၃.၄၇၂ | ၁၀၇.၅၄၉ | - | ၁၀၇.၅၄၉ |
| ၁၅ | ကျန်းမာရေးဝန်ကြီးဌာန | ၃၁၄.၅၈၉ | ၁၀၈.၆၅၇ | ၂.၈၇၉ | ၁၀၅.၇၇၈ |
| ၁၆ | ဆောက်လုပ်ရေးဝန်ကြီးဌာန | ၂,၇၂၂.၂၆၉ | ၅၃၂.၀၅၀ | ၀.၂၉၂ | ၅၃၁.၇၅၈ |
| ၁၇ | လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည် နေရာချထားရေးဝန်ကြီးဌာန | ၁၀၁.၄၃၈ | ၉.၈၇၂ | - | ၉.၈၇၂ |

(အမေရိကန်ဒေါ်လာသန်းပေါင်း)

| စဉ် | ဝန်ကြီးဌာန/ အဖွဲ့အစည်း | ချေးငွေပမာဏ | ထုတ်ယူသုံးစွဲငွေ | ပေးဆပ်ပြီးငွေ | ပေးဆပ်ရန်ကျန်ငွေ |
|---|---|---|---|---|---|
| ၁၈ | မြန်မာနိုင်ငံတော်ဗဟိုဘဏ် | ၂၅.၂၁၉ | ၁၆.၉၅၀ | - | ၁၆.၉၅၀ |
| ၁၉ | ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ | ၁,၃၄၀.၀၆၅ | ၁၄၅.၂၅၀ | - | ၁၄၅.၂၅၀ |
| ၂၀ | မန္တလေးမြို့တော်စည်ပင်သာယာရေး ကော်မတီ | ၁၀၆.၃၁၆ | ၆.၃၈၄ | - | ၆.၃၈၄ |
| | စုစုပေါင်း | ၂၅,၈၅၀.၃၆၆ | ၁၅,၉၈၇.၇၇၀ | ၃,၉၀၃.၉၇၀ | ၁၂,၀၈၃.၈၀၀ |

မှတ်ချက်။ (၁) ချေးငွေရယူထားသည့် နိုင်ငံခြားငွေကြေးအမျိုးအစားအလိုက် စာရင်းပိတ်သိမ်းသည့်နေ့ရှိ နိုင်ငံခြားငွေလဲလှယ်နှုန်းဖြင့် အမေရိကန်ဒေါ်လာသို့ ပြောင်းလဲတွက်ချက်ထားပါသည်။

(၂) https://www.imf.org/ ဝက်ဘ်ဆိုက်မှ နိုင်ငံခြားငွေလဲလှယ်နှုန်းဖြင့် တွက်ချက်ထားပါသည်။

၁၅။ ၃၀-၉-၂၀၂၁ ရက်နေ့အထိ ဝန်ကြီးဌာန/အဖွဲ့အစည်းအလိုက် ပြည်ပချေးငွေစာချုပ်ချုပ်ဆိုမှုတွင် စုစုပေါင်းချေးငွေပမာဏ အမေရိကန်ဒေါ်လာ ၂၅,၈၅၀.၃၆၆ သန်းဖြစ်ပြီး စာချုပ်အများဆုံးချုပ်ဆိုခဲ့သည့် ဝန်ကြီးဌာန/ အဖွဲ့အစည်း (၅)ခုမှာ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် စက်မှုဝန်ကြီးဌာနတို့ ဖြစ်ပါသည်။

## ၂၀၂၀-၂၀၂၁ ခု၊ ဘဏ္ဍာရေးနှစ်တွင် ပြည်ပချေးငွေစာချုပ်ချုပ်ဆိုမှုအခြေအနေ

၁၆။ ၂၀၂၀-၂၀၂၁ ခု၊ ဘဏ္ဍာရေးနှစ်တွင် ပြည်ပချေးငွေရယူရန် စာချုပ်ချုပ်ဆိုမှု အခြေအနေမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

### (က) မြီရှင်နိုင်ငံ/ အဖွဲ့အစည်းအလိုက် ချေးငွေစာချုပ်ချုပ်ဆိုမှု

(သန်းပေါင်း)

| စဉ် | မြီရှင်နိုင်ငံ/ အဖွဲ့အစည်း | စီမံကိန်းအမည် | စာချုပ်ချုပ်ဆိုသည့်နေ့ | ချေးငွေဆိုင်ရာ စည်းကမ်းချက်များ | | ချေးငွေပမာဏ | |
|---|---|---|---|---|---|---|---|
| ၁ | အာရှဖွံ့ဖြိုးရေးဘဏ် | | | | | USD | ၈၆၅.၀၇၀ |
| | | ရန်ကုန်မြို့တော်ရေဖူလုံရေးစီမံကိန်း | ၃-၁၁-၂၀၂၀ | | | USD | ၁၈၀.၀၀၀ |
| | | ခက်ခဲဒေသနှင့် နယ်စပ်ဒေသရှိဆေးရုံများ၌ အရည်အသွေးပြည့်ဝသော ကုသရေးဝန်ဆောင်မှုများအဆင့်မြှင့်တင်ခြင်းစီမံကိန်း | ၃-၁၁-၂၀၂၀ | | | USD | ၃၀.၀၀၀ |
| | | မဟာမဲခေါင်ဒေသတွင်းအဝေးပြေးလမ်းမကြီးများအဆင့်မြှင့်တင်ရေးစီမံကိန်း (ဒုတိယအဆင့်)၊ (ပဲခူး-ကျိုက်ထို အမြန်လမ်းမကြီးစီမံကိန်း) | ၂၆-၁၁-၂၀၂၀ | ဆိုင်းငံ့<br>ပြန်ဆပ်<br>အတိုးနှုန်း | ၈<br>၂၄<br>၁% (ဆိုင်းငံ့)<br>၁.၅% (ပြန်ဆပ်) | USD | ၄၈၃.၈၀၀ |
| | | ကျေးလက်ဒေသလျှပ်စစ်ဓာတ်အားရရှိမှုမြှင့်တင်ရေးစီမံကိန်း | ၁၆-၁၂-၂၀၂၀ | | | USD | ၁၇၁.၂၇၀ |

(သန်းပေါင်း)

| စဉ် | မြီရှင်နိုင်ငံ/<br>အဖွဲ့အစည်း | စီမံကိန်းအမည် | စာချုပ်ချုပ်<br>ဆိုသည့်နေ့ | ချေးငွေဆိုင်ရာ<br>စည်းကမ်းချက်များ | | ချေးငွေပမာဏ | |
|---|---|---|---|---|---|---|---|
| ၂ | အိုင်အမ်အက်ဖ် | | | | | USD | ၃၆၄.၀၅၂ |
| | | Rapid Financing Instrument(RFI) | ၁၈-၁၂-၂၀၂၀ | ဆိုင်းငံ့<br>ပြန်ဆပ်<br>အတိုးနှုန်း | ၃.၂၅<br>၁.၇၅<br>၁% | SDR<br>*(Equ:USD)* | ၁၇၂.၂၇၀<br>၂၄၂.၇၀၆ |
| | | Rapid Credit Facility(RCF) | ၁၈-၁၂-၂၀၂၀ | ဆိုင်းငံ့<br>ပြန်ဆပ်<br>အတိုးနှုန်း | ၅.၅<br>၄.၅<br>Interest Free | SDR<br>*(Equ:USD)* | ၈၆.၁၃၀<br>၁၂၁.၃၄၆ |
| ၃ | ဂျပန် | | | | | USD | ၃၈၂.၂၆၃ |
| | | အသေးစား၊ အလတ်စားစီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း၊အဆင့်(၃) | ၄-၁၁-၂၀၂၀ | ဆိုင်းငံ့<br>ပြန်ဆပ်<br>အတိုးနှုန်း | ၁၀<br>၃၀<br>၀.၀၁% | JPY<br>*(Equ:USD)* | ၁၅,၀၀၀.၀၀၀<br>၁၃၄.၀၃၇ |
| | | အရှေ့-အနောက် စီးပွားရေးစင်္ကြံလမ်းမပေါ်ရှိ ပဲခူး-ကျိုက်ထို လမ်းသစ်ပိုင်းဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း | ၄-၁၁-၂၀၂၀ | | | JPY<br>*(Equ:USD)* | ၂၇,၇၇၉.၀၀၀<br>၂၄၈.၂၂၆ |
| ၄ | ကိုရီးယား | | | | | USD | ၂၀.၀၀၀ |
| | | မြန်မာ-ကိုရီးယားချစ်ကြည်ရေး(ဒလ)တံတားတိုးချဲ့တည်ဆောက်ရေးစီမံကိန်း<br>(ဆောက်လုပ်ရေး) | ၃၀-၁၀-၂၀၂၀ | ဆိုင်းငံ့<br>ပြန်ဆပ်<br>အတိုးနှုန်း | ၁၅<br>၂၅<br>၀.၀၁% | USD | ၂၀.၀၀၀ |
| | | | | စုစုပေါင်း | | USD | ၁,၆၃၁.၃၈၅ |

မှတ်ချက်။ (၁) ချေးငွေရယူထားသည့် နိုင်ငံခြားငွေကြေးအမျိုးအစားအလိုက် စာရင်းပိတ်သိမ်းသည့်နေ့ရှိ နိုင်ငံခြားငွေလဲလှယ်နှုန်းဖြင့် အမေရိကန်ဒေါ်လာသို့ ပြောင်းလဲတွက်ချက်ထားပါသည်။

(၂) https://www.imf.org/ ဝက်ဘ်ဆိုက်မှ နိုင်ငံခြားငွေလဲလှယ်နှုန်းဖြင့် တွက်ချက်ထားပါသည်။

## (ခ) ဝန်ကြီးဌာန/အဖွဲ့အစည်းအလိုက် ချေးငွေစာချုပ်ချုပ်ဆိုမှု

(သန်းပေါင်း)

| စဉ် | စီမံကိန်းအမည် | စာချုပ်ချုပ်<br>ဆိုသည့်နေ့ | ချေးငွေဆိုင်ရာ<br>စည်းကမ်းချက်များ | | ချေးငွေပမာဏ | |
|---|---|---|---|---|---|---|
| ၁ | စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန | | | | USD | ၄၉၈.၀၈၉ |
| | မြန်မာ့စီးပွားရေးဘဏ်<br>- အသေးစား၊ အလတ်စားစီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း၊အဆင့်(၃) | ၄-၁၁-၂၀၂၀ | ဆိုင်းငံ့<br>ပြန်ဆပ်<br>အတိုးနှုန်း | ၁၀<br>၃၀<br>၀.၀၁% | USD<br>JPY<br>*(Equ:USD)* | ၁၃၄.၀၃၇<br>၁၅,၀၀၀.၀၀၀<br>၁၃၄.၀၃၇ |

(သန်းပေါင်း)

| စဉ် | စီမံကိန်းအမည် | စာချုပ်ချုပ်ဆိုသည့်နေ့ | ချေးငွေဆိုင်ရာစည်းကမ်းချက်များ | | ချေးငွေပမာဏ | |
|---|---|---|---|---|---|---|
| | ငွေတိုက်ဦးစီးဌာန | | | | USD | ၃၆၄.၀၅၂ |
| | - Rapid Financing Instrument(RFI) | ၁၈-၁၂-၂၀၂၀ | ဆိုင်းငံ့<br>ပြန်ဆပ်<br>အတိုးနှုန်း | ၃.၂၅<br>၁.၇၅<br>၁% | SDR<br>*(Equ:USD)* | ၁၇၂.၂၇၀<br>၂၄၂.၇၀၆ |
| | - Rapid Credit Facility(RCF) | ၁၈-၁၂-၂၀၂၀ | ဆိုင်းငံ့<br>ပြန်ဆပ်<br>အတိုးနှုန်း | ၅.၅<br>၄.၅<br>Interest Free | SDR<br>*(Equ:USD)* | ၈၆.၁၃၀<br>၁၂၁.၃၄၆ |
| ၂ | **လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန** | | | | **USD** | **၁၇၁.၂၇၀** |
| | လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း | | | | USD | ၁၇၁.၂၇၀ |
| | - ကျေးလက်ဒေသလျှပ်စစ်ဓာတ်အားရရှိမှုမြှင့်တင်ရေးစီမံကိန်း | ၁၆-၁၂-၂၀၂၀ | ဆိုင်းငံ့<br>ပြန်ဆပ်<br>အတိုးနှုန်း | ၈<br>၂၄<br>၁% (ဆိုင်းငံ့)<br>၁.၅% (ပြန်ဆပ်) | USD | ၁၇၁.၂၇၀ |
| ၃ | **ကျန်းမာရေးဝန်ကြီးဌာန** | | | | **USD** | **၃၀.၀၀၀** |
| | ကုသရေးဦးစီးဌာန | | | | USD | ၃၀.၀၀၀ |
| | - ခက်ခဲဒေသနှင့်နယ်စပ်ဒေသရှိဆေးရုံများ၌အရည်အသွေးပြည့်ဝသောကုသရေးဝန်ဆောင်မှုများအဆင့်မြှင့်တင်ခြင်းစီမံကိန်း | ၃-၁၁-၂၀၂၀ | ဆိုင်းငံ့<br>ပြန်ဆပ်<br>အတိုးနှုန်း | ၈<br>၂၄<br>၁% (ဆိုင်းငံ့)<br>၁.၅% (ပြန်ဆပ်) | USD | ၃၀.၀၀၀ |
| ၄ | **ဆောက်လုပ်ရေးဝန်ကြီးဌာန** | | | | **USD** | **၇၅၂.၀၂၆** |
| | လမ်းဦးစီးဌာန | | | | USD | ၄၈၃.၈၀၀ |
| | - မဟာမဲခေါင်ဒေသတွင်းအဝေးပြေးလမ်းမကြီးများအဆင့်မြှင့်တင်ရေးစီမံကိန်း(ဒုတိယအဆင့်)၊ (ပဲခူး-ကျိုက်ထိုအမြန်လမ်းမကြီးစီမံကိန်း) | ၂၆-၁၁-၂၀၂၀ | ဆိုင်းငံ့<br>ပြန်ဆပ်<br>အတိုးနှုန်း | ၈<br>၂၄<br>၁% (ဆိုင်းငံ့)<br>၁.၅% (ပြန်ဆပ်) | USD | ၄၈၃.၈၀၀ |
| | တံတားဦးစီးဌာန | | | | USD | ၂၆၈.၂၂၆ |
| | - အရှေ့-အနောက် စီးပွားရေးစင်္ကြံလမ်းမပေါ်ရှိ ပဲခူး-ကျိုက်ထိုလမ်းသစ်ပိုင်းဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း | ၄-၁၁-၂၀၂၀ | ဆိုင်းငံ့<br>ပြန်ဆပ်<br>အတိုးနှုန်း | ၁၀<br>၃၀<br>၀.၀၁% | JPY<br>*(Equ:USD)* | ၂၇,၇၇၉.၀၀၀<br>၂၄၈.၂၂၆ |
| | - မြန်မာ-ကိုရီးယားချစ်ကြည်ရေး(ဒလ)တံတားတိုးချဲ့တည်ဆောက်ရေးစီမံကိန်း (ဆောက်လုပ်ရေး) | ၃၀-၁၀-၂၀၂၀ | ဆိုင်းငံ့<br>ပြန်ဆပ်<br>အတိုးနှုန်း | ၁၅<br>၂၅<br>၀.၀၁% | USD | ၂၀.၀၀၀ |

(သန်းပေါင်း)

| စဉ် | စီမံကိန်းအမည် | စာချုပ်ချုပ်ဆိုသည့်နေ့ | ချေးငွေဆိုင်ရာ စည်းကမ်းချက်များ | | ချေးငွေပမာဏ | |
|---|---|---|---|---|---|---|
| ၅ | ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ | | | | USD | ၁၈၀.၀၀၀ |
| | ရေရရှိရေးနှင့်ရေပေးဝေရေးလုပ်ငန်းတာဝန်ခံအဖွဲ့ | | | | USD | ၁၈၀.၀၀၀ |
| | - ရန်ကုန်မြို့တော်ရေဖူလုံရေးစီမံကိန်း | ၃-၁၁-၂၀၂၀ | ဆိုင်းငံ့<br>ပြန်ဆပ်<br>အတိုးနှုန်း | ၈<br>၂၄<br>၁% (ဆိုင်းငံ့)<br>၁.၅% (ပြန်ဆပ်) | USD | ၁၈၀.၀၀၀ |
| | စုစုပေါင်း | | | | USD | ၁,၆၃၁.၃၈၅ |

မှတ်ချက်။ (၁) ချေးငွေရယူထားသည့် နိုင်ငံခြားငွေကြေးအမျိုးအစားအလိုက် စာရင်းပိတ်သိမ်းသည့်နေ့ရှိ နိုင်ငံခြားငွေလဲလှယ်နှုန်းဖြင့် အမေရိကန်ဒေါ်လာသို့ ပြောင်းလဲတွက်ချက်ထားပါသည်။

(၂) https://www.imf.org/ ဝက်ဘ်ဆိုက်မှ နိုင်ငံခြားငွေလဲလှယ်နှုန်းဖြင့် တွက်ချက်ထားပါသည်။


၁၇။ ၂၀၂၀-၂၀၂၁ ခု၊ ဘဏ္ဍာရေးနှစ်တွင် အာရှဖွံ့ဖြိုးရေးဘဏ်၊ အိုင်အမ်အက်ဖ်၊ ဂျပန်နိုင်ငံ နှင့် ကိုရီးယားနိုင်ငံတို့ထံမှ စီမံကိန်း (၈) ခုအတွက် ချေးငွေပမာဏ အမေရိကန်ဒေါ်လာ ၁,၆၃၁.၃၈၅ သန်းအား စာချုပ်ချုပ်ဆိုခဲ့ပြီး အာရှဖွံ့ဖြိုးရေးဘဏ်မှ ချေးငွေပမာဏ အမေရိကန် ဒေါ်လာ ၈၆၅.၀၇၀ သန်းဖြင့် အများဆုံးဖြစ်ပါသည်။ ပြည်ပချေးငွေစာချုပ်ချုပ်ဆိုမှု အများဆုံး ဝန်ကြီးဌာန မှာ ဆောက်လုပ်ရေးဝန်ကြီးဌာနဖြစ်ပြီး ချေးငွေပမာဏမှာ အမေရိကန်ဒေါ်လာ ၇၅၂. ၀၂၆ သန်း ဖြစ်ပါသည်။

၁၈။ ၂၀၂၀-၂၀၂၁ ခု၊ ဘဏ္ဍာရေးနှစ်တွင် အပြည်ပြည်ဆိုင်ရာငွေကြေးရန်ပုံငွေအဖွဲ့ (IMF) ထံမှ ဒုတိယအကြိမ်အဖြစ် Rapid Credit Facility (RCF) နှင့် Rapid Financing Instrument (RFI) ချေးငွေ အက်စ်ဒီအာရ် ၂၅၈.၄ သန်း ရယူရန် Letter of Intent (LOI) နှင့် Memorandum of Understanding (MOU) ကို ၁၈-၁၂-၂၀၂၀ ရက်နေ့တွင် လက်မှတ်ရေးထိုးခဲ့ပါသည်။ IMF မှ ၂၈-၁-၂၀၂၁ ရက်နေ့တွင် အက်စ်ဒီအာရ် ၂၅၈.၄ သန်း အားလက်ခံရရှိပြီး ၂၉-၁-၂၀၂၁ ရက်နေ့တွင် ပြည်ထောင်စုအစိုးရအပ်ငွေစာရင်းသို့ ကျပ် ၄၉၅.၅၀၃ ဘီလီယံကို ထည့်သွင်းခဲ့ခြင်းဖြင့် နိုင်ငံတော်၏လိုငွေကို ဖြည့်ဆည်းပေးခဲ့ပါသည်။

## ၂၀၂၀-၂၀၂၁ ခု၊ ဘဏ္ဍာရေးနှစ်တွင် ကဏ္ဍအလိုက် ပြည်ပချေးငွေစာချုပ်ချုပ်ဆိုမှု အခြေအနေ

၁၉။ ၂၀၂၀-၂၀၂၁ ခု၊ ဘဏ္ဍာရေးနှစ် ပြည်ပချေးငွေစာချုပ်ချုပ်ဆိုမှုတွင် ဆောက်လုပ်ရေးကဏ္ဍ က အများဆုံးဖြစ်ပြီး စာချုပ်ချုပ်ဆိုထားရှိမှု အခြေအနေမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ် ကဏ္ဍအလိုက်ပြည်ပချေးငွေစာချုပ်
ချုပ်ဆိုမှုအခြေအနေ




## ၂၀၂၀-၂၀၂၁ ခု၊ ဘဏ္ဍာရေးနှစ်တွင် ပြည်ပချေးငွေထုတ်ယူသုံးစွဲမှုနှင့် ပြန်လည်ပေးဆပ်မှု အခြေအနေ

၂၀။ ၂၀၂၀-၂၀၂၁ ခု၊ ဘဏ္ဍာရေးနှစ်တွင် ပြည်ပချေးငွေ အမေရိကန်ဒေါ်လာ ၁,၃၇၅.၃၆၇ သန်း ထုတ်ယူသုံးစွဲခဲ့ပြီး ချေးငွေပြန်လည်ပေးဆပ်မှုအနေဖြင့် အရင်း အမေရိကန်ဒေါ်လာ ၇၈၈.၅၅၇ သန်း နှင့် အတိုး အမေရိကန်ဒေါ်လာ ၁၃၀.၁၈၁ သန်း၊ စုစုပေါင်း အမေရိကန်ဒေါ်လာ ၉၁၈.၇၃၈ သန်းအား ပေးဆပ်ခဲ့ပါသည်။

၂၁။ ၂၀၂၀-၂၀၂၁ ခု၊ ဘဏ္ဍာရေးနှစ်တွင် မြီရှင်နိုင်ငံ/ အဖွဲ့အစည်းအလိုက် ပြည်ပချေးငွေထုတ်ယူသုံးစွဲမှုနှင့် ပြန်လည်ပေးဆပ်မှုအခြေအနေမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(အမေရိကန်ဒေါ်လာသန်းပေါင်း)

| စဉ် | မြီရှင်နိုင်ငံ/ အဖွဲ့အစည်းအမည် | ထုတ်ယူသုံးစွဲမှု | | ပြန်လည်ပေးဆပ်မှု | | | |
|---|---|---|---|---|---|---|---|
| | | ပမာဏ | % | အရင်း | အတိုး | ပေါင်း | % |
| | အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ | ၇၄၅.၇၂၁ | ၅၄.၂ | ၅၂.၇၅၀ | ၂၅.၂၉၆ | ၇၈.၀၄၆ | ၈.၅ |
| ၁ | အေဒီဘီ | ၂၆၅.၇၆၀ | ၁၉.၃ | ၂၀.၉၆၇ | ၆.၆၆၀ | ၂၇.၆၂၇ | ၃.၀ |
| ၂ | အေအိုင်အက်ဖ် | ၀.၆၂၄ | * | ၀.၂၉၂ | - | ၀.၂၉၂ | * |
| ၃ | အိုင်ဒီအေ | ၁၀၉.၇၆၈ | ၈.၀ | ၃၀.၃၆၂ | ၁၃.၂၁၀ | ၄၃.၅၇၂ | ၄.၈ |
| ၄ | အိုင်အက်ဖ်အေဒီ | ၅.၅၁၇ | ၀.၄ | - | ၀.၁၇၉ | ၀.၁၇၉ | * |
| ၅ | အိုပက် | - | - | ၁.၁၂၉ | ၀.၁၃၈ | ၁.၂၆၇ | ၀.၁ |
| ၆ | အိုင်အမ်အက်ဖ် | ၃၆၄.၀၅၂ | ၂၆.၅ | - | ၅.၁၀၉ | ၅.၁၀၉ | ၀.၆ |
| | နှစ်နိုင်ငံအစိုးရကြားချေးငွေ | ၆၂၉.၆၄၆ | ၄၅.၈ | ၇၃၅.၈၀၇ | ၁၀၄.၈၈၅ | ၈၄၀.၆၉၂ | ၉၁.၅ |
| | <u>ပဲရစ်ကလပ်အဖွဲ့ဝင်နိုင်ငံများ</u> | <u>၆၁၈.၉၆၂</u> | <u>၄၅.၀</u> | <u>၂၇၃.၄၄၆</u> | <u>၂၃.၁၅၅</u> | <u>၂၉၆.၆၀၁</u> | <u>၃၂.၃</u> |
| ၇ | ဂျပန် | ၅၇၇.၇၃၄ | ၄၂.၀ | - | ၀.၃၇၀ | ၀.၃၇၀ | * |

(အမေရိကန်ဒေါ်လာသန်းပေါင်း)

| စဉ် | မြီရှင်နိုင်ငံ/ အဖွဲ့အစည်းအမည် | ထုတ်ယူသုံးစွဲမှု | | ပြန်လည်ပေးဆပ်မှု | | | |
|---|---|---|---|---|---|---|---|
| | | ပမာဏ | % | အရင်း | အတိုး | ပေါင်း | % |
| ၈ | ဩစတြီးယား | - | - | ၂၄.၄၁၅ | ၁.၇၈၆ | ၂၆.၂၀၁ | ၂.၉ |
| ၉ | ဖင်လန် | - | - | ၀.၅၄၂ | ၀.၀၁၈ | ၀.၅၆၀ | ၀.၁ |
| ၁၀ | ပြင်သစ် | - | - | ၉၃.၇၆၉ | ၃.၂၃၁ | ၉၇.၀၀၀ | ၁၀.၅ |
| ၁၁ | ဂျာမနီ | - | - | ၁၂၉.၈၀၈ | ၁၆.၉၂၄ | ၁၄၆.၇၃၂ | ၁၆.၀ |
| ၁၂ | အီတလီ | ၇.၇၅၈ | ၀.၆ | - | - | - | * |
| ၁၃ | နယ်သာလန် | - | - | ၁.၆၇၇ | ၀.၁၅၆ | ၁.၈၃၃ | ၀.၂ |
| ၁၄ | အင်္ဂလန် | - | - | ၆.၈၃၄ | ၀.၁၉၈ | ၇.၀၃၂ | ၀.၈ |
| ၁၅ | ကိုရီးယား | ၃၃.၄၇၀ | ၂.၄ | ၁၆.၄၀၁ | ၀.၄၇၂ | ၁၆.၈၇၃ | ၁.၈ |
| | <u>ပဲရစ်ကလပ်အဖွဲ့ဝင်မဟုတ်သော နိုင်ငံများ</u> | <u>၁၀.၆၈၄</u> | <u>၀.၈</u> | <u>၄၆၂.၃၆၁</u> | <u>၈၁.၇၃၀</u> | <u>၅၄၄.၀၉၁</u> | <u>၅၉.၂</u> |
| ၁၆ | တရုတ် | - | - | ၄၂၈.၀၅၅ | ၇၆.၂၂၈ | ၅၀၄.၂၈၃ | ၅၄.၉ |
| ၁၇ | အေအက်ဖ်ဒီ | ၀.၀၅၅ | * | - | - | - | * |
| ၁၈ | အိန္ဒိယ | ၁၀.၆၂၉ | ၀.၈ | ၂၂.၁၈၁ | ၅.၀၂၈ | ၂၇.၂၀၉ | ၃.၀ |
| ၁၉ | ဆော်ဒီ | - | - | ၀.၄၀၁ | - | ၀.၄၀၁ | * |
| ၂၀ | ထိုင်း | - | - | ၃.၄၈၈ | ၀.၁၇၀ | ၃.၆၅၈ | ၀.၄ |
| ၂၁ | ဆာဗီးယား | - | - | ၈.၂၃၆ | ၀.၂၁၆ | ၈.၄၅၂ | ၀.၉ |
| ၂၂ | ပိုလန် | - | - | - | ၀.၀၈၈ | ၀.၀၈၈ | * |
| | စုစုပေါင်း | ၁,၃၇၅.၃၆၇ | ၁၀၀ | **၇၈၈.၅၅၇ | ၁၃၀.၁၈၁ | ၉၁၈.၇၃၈ | ၁၀၀ |

မှတ်ချက်။ (၁) *၀.၁% အောက် နည်းသောကြောင့်ဖြစ်ပါသည်။

(၂) **အရင်းပြန်လည်ပေးဆပ်မှုတွင် DSSI အရ ကြွေးမြီရွှေ့ဆိုင်းသည့်ပမာဏ အမေရိကန်ဒေါ်လာ ၂၅၇.၄၇၁ သန်း ပါဝင်ပါသည်။

(၃) ချေးငွေရယူထားသည့် နိုင်ငံခြားငွေကြေးအမျိုးအစားအလိုက် စာရင်းပိတ်သိမ်းသည့်နေ့ရှိ နိုင်ငံခြားငွေလဲလှယ်နှုန်းဖြင့် အမေရိကန်ဒေါ်လာသို့ ပြောင်းလဲတွက်ချက်ထားပါသည်။

(၄) https://www.imf.org/ ဝက်ဘ်ဆိုက်မှ နိုင်ငံခြားငွေလဲလှယ်နှုန်းဖြင့် တွက်ချက်ထားပါသည်။

၂၂။ ၂၀၂၀-၂၀၂၁ ခု၊ ဘဏ္ဍာရေးနှစ်တွင် နှစ်နိုင်ငံအစိုးရကြားချေးငွေများဖြစ်သည့် ဂျပန်နိုင်ငံမှ ချေးငွေပမာဏ အမေရိကန်ဒေါ်လာ ၅၇၇.၇၃၄ သန်းဖြင့် အများဆုံးထုတ်ယူသုံးစွဲခဲ့ပြီး အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများမှ ချေးငွေဖြစ်သည့် အိုင်အမ်အက်ဖ်မှ အမေရိကန်ဒေါ်လာ ၃၆၄.၀၅၂ သန်းဖြင့် ဒုတိယအများဆုံး ထုတ်ယူသုံးစွဲခဲ့ပါသည်။ အရင်းပြန်လည်ပေးဆပ်မှုတွင် အမေရိကန်ဒေါ်လာ ၄၂၈.၀၅၅ သန်းဖြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှချေးငွေက အများဆုံးဖြစ်ပါသည်။

၂၃။ ၂၀၂၀-၂၀၂၁ ခု၊ ဘဏ္ဍာရေးနှစ်တွင် ဝန်ကြီးဌာန/ အဖွဲ့အစည်းအလိုက် ပြည်ပချေးငွေ ထုတ်ယူသုံးစွဲမှုနှင့် ပြန်လည်ပေးဆပ်မှုအခြေအနေမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(အမေရိကန်ဒေါ်လာသန်းပေါင်း)

| စဉ် | ဝန်ကြီးဌာန/ အဖွဲ့အစည်း | ထုတ်ယူသုံးစွဲမှု | | ပြန်လည်ပေးဆပ်မှု | | | |
|---|---|---|---|---|---|---|---|
| | | ပမာဏ | % | အရင်း | အတိုး | ပေါင်း | % |
| ၁ | ပြည်ထောင်စုလွှတ်တော် | ၀.၀၅၅ | - | - | ၀.၀၁၂ | ၀.၀၁၂ | * |
| ၂ | ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး | ၀.၀၄၃ | - | - | ၀.၀၁၂ | ၀.၀၁၂ | * |
| ၃ | ကာကွယ်ရေးဝန်ကြီးဌာန | - | - | ၁၀.၁၅၇ | ၀.၅၂၆ | ၁၀.၆၈၃ | ၁.၂ |
| ၄ | ပြည်ထဲရေးဝန်ကြီးဌာန | - | - | ၂.၅၃၉ | ၀.၅၇၂ | ၃.၁၁၁ | ၀.၃ |
| ၅ | စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန | ၈၈၃.၇၅၂ | ၆၄.၂ | ၅၄.၃၃၂ | ၁၇.၃၄၃ | ၇၁.၆၇၅ | ၇.၈ |
| ၆ | ပြန်ကြားရေးဝန်ကြီးဌာန | - | - | ၀.၃၃၀ | ၀.၀၁၁ | ၀.၃၄၁ | * |
| ၇ | စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | ၂၆.၈၉၄ | ၂.၀ | ၁၅.၁၈၂ | ၁.၂၁၅ | ၁၆.၃၉၇ | ၁.၈ |
| ၈ | သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန | ၁၇.၆၀၇ | ၁.၃ | ၆၄.၀၉၄ | ၁၂.၁၅၇ | ၇၆.၂၅၁ | ၈.၃ |
| ၉ | ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန | ၂၀၈.၂၉၂ | ၁၅.၁ | ၂၁၅.၀၆၈ | ၁၉.၀၆၂ | ၂၃၄.၁၃၀ | ၂၅.၅ |
| ၁၀ | သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန | - | - | - | ၀.၀၀၃ | ၀.၀၀၃ | * |
| ၁၁ | လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန | ၁၀၆.၉၀၈ | ၇.၈ | ၃၁၈.၃၆၅ | ၅၇.၈၁၆ | ၃၇၆.၁၈၁ | ၄၀.၉ |
| ၁၂ | စက်မှုဝန်ကြီးဌာန | - | - | ၁၀၅.၃၁၉ | ၁၉.၇၅၀ | ၁၂၅.၀၆၉ | ၁၃.၆ |
| ၁၃ | စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန | - | - | - | ၀.၀၀၃ | ၀.၀၀၃ | * |
| ၁၄ | ပညာရေးဝန်ကြီးဌာန | ၇.၇၁၆ | ၀.၆ | - | ၀.၅၄၄ | ၀.၅၄၄ | ၀.၁ |
| ၁၅ | ကျန်းမာရေးဝန်ကြီးဌာန | ၂၇.၆၇၀ | ၂.၀ | ၂.၈၇၉ | ၀.၇၇၇ | ၃.၆၅၆ | ၀.၄ |
| ၁၆ | ဆောက်လုပ်ရေးဝန်ကြီးဌာန | ၇၃.၉၉၆ | ၅.၄ | ၀.၂၉၂ | ၀.၁၈၄ | ၀.၄၇၆ | ၀.၁ |
| ၁၇ | လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန | ၃.၉၇၂ | ၀.၃ | - | ၀.၀၅၃ | ၀.၀၅၃ | * |
| ၁၈ | မြန်မာနိုင်ငံတော်ဗဟိုဘဏ် | - | - | - | ၀.၁၁၁ | ၀.၁၁၁ | * |
| ၁၉ | ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ | ၁၆.၆၉၈ | ၁.၂ | - | ၀.၀၃၀ | ၀.၀၃၀ | * |
| ၂၀ | မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ | ၁.၇၆၄ | ၀.၁ | - | - | - | - |
| | စုစုပေါင်း | ၁,၃၇၅.၃၆၇ | ၁၀၀ | **၇၈၈.၅၅၇ | ၁၃၀.၁၈၁ | ၉၁၈.၇၃၈ | ၁၀၀ |

မှတ်ချက်။ (၁) *၀.၁% အောက် နည်းသောကြောင့်ဖြစ်ပါသည်။

(၂) **အရင်းပြန်လည်ပေးဆပ်မှုတွင် DSSI အရ ကြွေးမြီရွှေ့ဆိုင်းသည့်ပမာဏ အမေရိကန်ဒေါ်လာ ၂၅၇.၄၇၁ သန်း ပါဝင်ပါသည်။

(၃) ချေးငွေရယူထားသည့် နိုင်ငံခြားငွေကြေးအမျိုးအစားအလိုက် စာရင်းပိတ်သိမ်းသည့်နေ့ရှိ နိုင်ငံခြားငွေလဲလှယ်နှုန်းဖြင့် အမေရိကန်ဒေါ်လာသို့ ပြောင်းလဲတွက်ချက်ထားပါသည်။

(၄) https://www.imf.org/ ဝက်ဘ်ဆိုက်မှ နိုင်ငံခြားငွေလဲလှယ်နှုန်းဖြင့် တွက်ချက်ထားပါသည်။

၂၄။ ၂၀၂၀-၂၀၂၁ ခု၊ ဘဏ္ဍာရေးနှစ်တွင် ဝန်ကြီးဌာန/ အဖွဲ့အစည်းအလိုက် ပြည်ပချေးငွေ ထုတ်ယူ သုံးစွဲမှုတွင် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနက အမေရိကန်ဒေါ်လာ ၈၈၃.၇၅၂ သန်း ဖြင့် အများဆုံးထုတ်ယူခဲ့ပါသည်။ အရင်းပြန်လည်ပေးဆပ်မှုတွင် အမေရိကန်ဒေါ်လာ ၃၁၈.၃၆၅ သန်းဖြင့် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနက အများဆုံးဖြစ်ပါသည်။

## ဝန်ကြီးဌာန/ အဖွဲ့အစည်းများ၏ ဘဏ္ဍာရေးနှစ်အလိုက် ပြည်ပကြွေးမြီအခြေအနေ

၂၅။ ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ်မှ ၂၀၂၀-၂၀၂၁ ခု၊ ဘဏ္ဍာရေးနှစ်အထိ သက်ဆိုင်ရာ ဘဏ္ဍာရေးနှစ်ကုန်ရှိ ပြည်ပကြွေးမြီလက်ကျန်အခြေအနေများအား အောက်ပါအတိုင်းတင်ပြ အပ်ပါသည်-

(က) ပြည်ပကြွေးမြီလက်ကျန်အခြေအနေ

(အမေရိကန်ဒေါ်လာသန်းပေါင်း)

| စဉ် | ဝန်ကြီးဌာန/ အဖွဲ့အစည်း | ၃၀-၉-၂၀၁၉ | ၃၀-၉-၂၀၂၀ | ၃၀-၉-၂၀၂၁ |
|---|---|---|---|---|
| ၁ | ပြည်ထောင်စုလွှတ်တော် | - | - | ၁.၅၆၄ |
| ၂ | ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး | - | - | ၁.၆၄၇ |
| ၃ | ကာကွယ်ရေးဝန်ကြီးဌာန | ၂၀၈.၄၃၁ | ၁၅၅.၆၅၃ | ၁၄၉.၈၅၈ |
| ၄ | ပြည်ထဲရေးဝန်ကြီးဌာန | ၈၈.၉၇၂ | ၉၄.၆၉၃ | ၉၆.၆၂၇ |
| ၅ | စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန | ၂,၃၅၆.၅၄၇ | *၄,၀၄၄.၈၄၆ | **၃,၆၄၄.၄၁၁ |
| ၆ | ပြန်ကြားရေးဝန်ကြီးဌာန | ၁.၆၅၅ | ၁.၆၆၈ | ၁.၄၃၆ |
| ၇ | စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | ၈၅၃.၄၄၇ | ၁,၀၃၅.၃၈၄ | ၃၂၉.၆၈၂ |
| ၈ | သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန | - | - | ၆၆၀.၁၁၉ |
| ၉ | ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန | ၁,၇၆၃.၂၂၈ | ၁,၉၇၂.၁၄၆ | ၂,၀၃၃.၉၆၄ |
| ၁၀ | သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန | ၂၈.၂၅၀ | ၂၈.၈၂၆ | ၂၇.၂၅၀ |
| ၁၁ | လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန | ၂,၉၈၂.၈၅၈ | ၃,၁၇၉.၀၉၁ | ၃,၀၆၁.၄၅၄ |
| ၁၂ | စက်မှုဝန်ကြီးဌာန | ၁,၁၇၈.၄၀၁ | - | ၁,၁၂၅.၉၆၂ |
| ၁၃ | စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန | ၂၇.၂၄၉ | ၂၇.၈၀၅ | ၂၆.၂၈၅ |
| ၁၄ | ပညာရေးဝန်ကြီးဌာန | ၈၃.၉၄၀ | ၉၉.၇၆၆ | ၁၀၇.၅၄၉ |
| ၁၅ | ကျန်းမာရေးဝန်ကြီးဌာန | ၇၂.၃၄၀ | ၈၀.၉၂၀ | ၁၀၅.၇၇၈ |
| ၁၆ | ဆောက်လုပ်ရေးဝန်ကြီးဌာန | ၂၆၀.၆၅၈ | ၄၇၅.၈၄၂ | ၅၃၁.၇၅၈ |
| ၁၇ | လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန | - | ၅.၈၉၅ | ၉.၈၇၂ |
| ၁၈ | မြန်မာနိုင်ငံတော်ဗဟိုဘဏ် | ၇.၉၃၅ | ၁၆.၉၃၄ | ၁၆.၉၅၀ |

(အမေရိကန်ဒေါ်လာသန်းပေါင်း)

| စဉ် | ဝန်ကြီးဌာန/ အဖွဲ့အစည်း | ၃၀-၉-၂၀၁၉ | ၃၀-၉-၂၀၂၀ | ၃၀-၉-၂၀၂၁ |
|---|---|---|---|---|
| ၁၉ | ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ | ၈၇.၁၈၈ | ၁၃၅.၈၇၄ | ၁၄၅.၂၅၀ |
| ၂၀ | မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ | ၂.၇၇၃ | ၄.၆၂၈ | ၆.၃၈၄ |
| | စုစုပေါင်း | ၁၀,၀၀၃.၈၇၂ | ၁၁,၃၅၉.၉၇၁ | ၁၂,၀၈၃.၈၀၀ |

မှတ်ချက်။ (၁)* စီမံကိန်း၊ဘဏ္ဍာရေးနှင့်စက်မှုဝန်ကြီးဌာနအဖြစ် ၂၈-၁၁-၂၀၁၉ ရက်နေ့တွင် ပြင်ဆင်ဖွဲ့စည်းခဲ့သဖြင့် စက်မှုဝန်ကြီးဌာန၏ ၃၀-၉-၂၀၂၀ တွင် ပြည်ပကြွေးမြီလက်ကျန်ပမာဏ အမေရိကန်ဒေါ်လာ ၁,၁၆၄.၇၀၀ သန်း ပါဝင်ပြီးဖြစ်ပါသည်။

(၂) ** စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနအဖြစ် ၃-၅-၂၀၂၁ ရက်နေ့တွင်ပြင်ဆင်ဖွဲ့စည်းခဲ့ပါသည်။

(၃) ချေးငွေရယူထားသည့် နိုင်ငံခြားငွေကြေးအမျိုးအစားအလိုက် စာရင်းပိတ်သိမ်းသည့်နေ့ရှိ နိုင်ငံခြားငွေလဲလှယ်နှုန်းဖြင့် အမေရိကန်ဒေါ်လာသို့ ပြောင်းလဲတွက်ချက်ထားပါသည်။

(၄) https://www.imf.org/ ဝက်ဘ်ဆိုက်မှ နိုင်ငံခြားငွေလဲလှယ်နှုန်းဖြင့် တွက်ချက်ထားပါသည်။

## (ခ) ပြည်ပချေးငွေထုတ်ယူသုံးစွဲမှုအခြေအနေ

(အမေရိကန်ဒေါ်လာသန်းပေါင်း)

| စဉ် | ဝန်ကြီးဌာန/ အဖွဲ့အစည်း | ၂၀၁၈-၂၀၁၉ | ၂၀၁၉-၂၀၂၀ | ၂၀၂၀-၂၀၂၁ |
|---|---|---|---|---|
| ၁ | ပြည်ထောင်စုလွှတ်တော် | - | - | ၀.၀၅၅ |
| ၂ | ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး | - | - | ၀.၀၄၃ |
| ၃ | စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန | ၉၆.၁၈၉ | ၄၉၈.၄၇၉ | ၈၈၃.၇၅၂ |
| ၄ | စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | ၁၂၀.၀၉၅ | ၂၃၃.၈၅၉ | ၂၆.၈၉၄ |
| ၅ | သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန | - | - | ၁၇.၆၀၇ |
| ၆ | ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန | ၁၉၈.၂၁၂ | ၂၀၈.၅၉၅ | ၂၀၈.၂၉၂ |
| ၇ | လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန | ၂၁၂.၉၁၈ | ၂၈၃.၈၃၂ | ၁၀၆.၉၀၈ |
| ၈ | ပညာရေးဝန်ကြီးဌာန | ၆.၄၆၁ | ၁၃.၅၃၃ | ၇.၇၁၆ |
| ၉ | ကျန်းမာရေးဝန်ကြီးဌာန | ၁၄.၄၃၅ | ၆.၂၈၀ | ၂၇.၆၇၀ |
| ၁၀ | ဆောက်လုပ်ရေးဝန်ကြီးဌာန | ၁၀၈.၆၃၃ | ၂၀၉.၇၃၀ | ၇၃.၉၉၆ |
| ၁၁ | လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန | - | ၅.၈၉၅ | ၃.၉၇၂ |
| ၁၂ | မြန်မာနိုင်ငံတော်ဗဟိုဘဏ် | ၇.၈၇၁ | ၈.၇၄၂ | - |
| ၁၃ | ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ | ၅၁.၂၇၆ | ၄၆.၉၀၂ | ၁၆.၆၉၈ |
| ၁၄ | မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ | ၁.၂၂၁ | ၁.၈၄၈ | ၁.၇၆၄ |
| | စုစုပေါင်း | ၈၁၇.၃၁၁ | ၁,၅၁၇.၆၉၅ | ၁,၃၇၅.၃၆၇ |

မှတ်ချက်။ (၁) ချေးငွေရယူထားသည့် နိုင်ငံခြားငွေကြေးအမျိုးအစားအလိုက် စာရင်းပိတ်သိမ်းသည့်နေ့ရှိ နိုင်ငံခြားငွေလဲလှယ်နှုန်းဖြင့် အမေရိကန်ဒေါ်လာသို့ ပြောင်းလဲတွက်ချက်ထားပါသည်။

(၂) https://www.imf.org/ ဝက်ဘ်ဆိုက်မှ နိုင်ငံခြားငွေလဲလှယ်နှုန်းဖြင့် တွက်ချက်ထားပါသည်။

(ဂ) အရင်းပြန်လည်ပေးဆပ်မှုအခြေအနေ

(အမေရိကန်ဒေါ်လာသန်းပေါင်း)

| စဉ် | ဝန်ကြီးဌာန/ အဖွဲ့အစည်း | ၂၀၁၈-၂၀၁၉ | ၂၀၁၉-၂၀၂၀ | ၂၀၂၀-၂၀၂၁ |
|---|---|---|---|---|
| ၁ | ကာကွယ်ရေးဝန်ကြီးဌာန | ၁၃.၄၄၆ | ၆၁.၁၄၄ | ၁၀.၁၅၇ |
| ၂ | ပြည်ထဲရေးဝန်ကြီးဌာန | - | - | ၂.၅၃၉ |
| ၃ | စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန | ၄၀.၃၈၁ | *၁၂၅.၄၄၆ | ၅၄.၃၃၂ |
| ၄ | ပြန်ကြားရေးဝန်ကြီးဌာန | - | ၀.၁၁၁ | ၀.၃၃၀ |
| ၅ | စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | ၆၇.၇၇၄ | ၆၇.၇၂၇ | ၁၅.၁၈၂ |
| ၆ | သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန | - | - | ၆၄.၀၉၄ |
| ၇ | ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန | ၃၃.၄၀၂ | ၇၃.၆၄၅ | ၂၁၅.၀၆၈ |
| ၈ | လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန | ၁၉၀.၆၄၃ | ၂၀၈.၀၇၂ | ၃၁၈.၃၆၅ |
| ၉ | စက်မှုဝန်ကြီးဌာန | ၈၂.၁၈၃ | - | ၁၀၅.၃၁၉ |
| ၁၀ | ကျန်းမာရေးဝန်ကြီးဌာန | - | - | ၂.၈၇၉ |
| ၁၁ | ဆောက်လုပ်ရေးဝန်ကြီးဌာန | - | - | ၀.၂၉၂ |
| | စုစုပေါင်း | ၄၂၇.၈၂၉ | ၅၃၆.၁၄၅ | **၇၈၈.၅၅၇ |


မှတ်ချက်။ (၁) * စီမံကိန်းဘဏ္ဍာရေးနှင့်စက်မှုဝန်ကြီးဌာနအဖြစ် ၂၈-၁၁-၂၀၁၉ ရက်နေ့တွင်ပြင်ဆင်ဖွဲ့စည်းခဲ့သဖြင့် စက်မှုဝန်ကြီးဌာန၏ ၃၀-၉-၂၀၂၀ တွင် ပြည်ပချေးငွေ အရင်းပြန်လည်ပေးဆပ်မှုပမာဏ အမေရိကန်ဒေါ်လာ ၈၈.၆၇၁ သန်း ပါဝင်ပြီးဖြစ်ပါသည်။


(၂) **၂၀၂၀-၂၀၂၁ ခု၊ ဘဏ္ဍာရေးနှစ်တွင် DSSI အရ ကြွေးမြီရွှေ့ဆိုင်းသည့်ပမာဏ အမေရိကန်ဒေါ်လာ ၂၅၇.၄၇၁ သန်း ပါဝင်ပါသည်။


(၃) ချေးငွေရယူထားသည့် နိုင်ငံခြားငွေကြေးအမျိုးအစားအလိုက် စာရင်းပိတ်သိမ်းသည့်နေ့ရှိ နိုင်ငံခြားငွေလဲလှယ်နှုန်းဖြင့် အမေရိကန်ဒေါ်လာသို့ ပြောင်းလဲတွက်ချက်ထားပါသည်။


(၄) https://www.imf.org/ ဝက်ဘ်ဆိုက်မှ နိုင်ငံခြားငွေလဲလှယ်နှုန်းဖြင့် တွက်ချက်ထားပါသည်။

၂၆။ ပြည်ပချေးငွေအများဆုံးရယူထားသည့် အောက်ပါငွေကြေးအမျိုးအစားများ၏ လအလိုက် ငွေလဲလှယ်နှုန်းကို လေ့လာကြည့်ပါက ပြည်တွင်းငွေကြေးဖြစ်သည့် မြန်မာကျပ်ငွေတန်ဖိုး ကျဆင်းလာသည်ကို တွေ့ရှိရပါသည်-



## ကြွေးမြီရွှေ့ဆိုင်းခြင်းအစီအစဉ် (Debt Service Suspension Initiative – DSSI)

၂၇။ G-20 နိုင်ငံများနှင့် ပဲရစ်ကလပ်နိုင်ငံများက ကြွေးမြီရွှေ့ဆိုင်းခြင်းအစီအစဉ် Debt Service Suspension Initiative – DSSI ကို ပထမအကြိမ်အဖြစ် ၂၀၂၀ ပြည့်နှစ်၊ မေလမှ ဒီဇင်ဘာလ အထိ ပေးဆပ်ရမည့် အရင်း၊ အတိုးများကို ဆိုင်းငံ့ကာလ (၁)နှစ်၊ ပြန်ဆပ်ကာလ (၃)နှစ်၊ စုစုပေါင်း (၄) နှစ်ဖြင့် ရွှေ့ဆိုင်းပေးခဲ့ပါသည်။ ၂၀၂၀-၂၀၂၁ ခု၊ ဘဏ္ဍာရေးနှစ်တွင် ပထမအကြိမ် ကြွေးမြီရွှေ့ဆိုင်းခြင်းအတွက် အောက်ပါ မြီရှင်နိုင်ငံများ/အဖွဲ့အစည်းများနှင့် စာချုပ်ချုပ်ဆိုခဲ့ပါသည်-

| စဉ် | နိုင်ငံ | လက်မှတ်ရေးထိုးသည့်နေ့ |
|---|---|---|
| ၁ | <u>ပဲရစ်ကလပ်အဖွဲ့ဝင်နိုင်ငံ</u> | |
| | (က) ကိုရီးယားသမ္မတနိုင်ငံ၊ EXIM Bank of Korea | ၄-၁၁-၂၀၂၀ |
| | (ခ) ပြင်သစ်နိုင်ငံ | ၁၄-၁၂-၂၀၂၀ |
| | (ဂ) ဩစတြီးယားနိုင်ငံ၊ OeKB | ၂၃-၁၂-၂၀၂၀ |
| | (ဃ) နယ်သာလန်နိုင်ငံ၊ Ministry of Finance | ၃၀-၄-၂၀၂၁ |
| ၂ | <u>G-20 အဖွဲ့ဝင်နိုင်ငံ</u> | |
| | (က) တရုတ်ပြည်သူ့သမ္မတနိုင်ငံ | |
| | (၁) EXIM Bank of China | |
| | - Buyer's Credit (BC)ချေးငွေစီမံကိန်း(၃)ခု | ၂၅-၁-၂၀၂၁ |
| | - Government Concessional Loan(GCL) ချေးငွေစီမံကိန်း(၆)ခု | ၂၃-၆-၂၀၂၁ |
| | - Preferential Buyer's Credit ချေးငွေစီမံကိန်း(၂၇)ခု | ၁-၇-၂၀၂၁ |
| | (၂) China Development Bank (CDB) ချေးငွေစီမံကိန်း (၅)ခု | ၁၉-၁၁-၂၀၂၀ |

၂၈။ ၂၀၂၀ ပြည့်နှစ်၊ အောက်တိုဘာလ ၁၄ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် G-20 Finance Minister and Central Bank Governor အစည်းအဝေးတွင် ကြွေးမြီရွှေ့ဆိုင်းခြင်းအား ၂၀၂၁ ခုနှစ်၊ ဇွန်လ ၃၀ ရက်နေ့အထိ တိုးမြှင့်ရန် သဘောတူခဲ့သည့်အတွက် ၎င်းကာလအတွင်း ပေးဆပ်ရမည့် အရင်း၊ အတိုးများကို ဆိုင်းငံ့ကာလ (၁)နှစ်၊ ပြန်ဆပ်ကာလ (၅)နှစ်၊ စုစုပေါင်း (၆) နှစ်ဖြင့် ရွှေ့ဆိုင်းပေးခဲ့ပါသည်။ ၂၀၂၀-၂၀၂၁ ခု၊ ဘဏ္ဍာရေးနှစ်တွင် ဒုတိယအကြိမ်ကြွေးမြီရွှေ့ဆိုင်းခြင်းအတွက် အောက်ပါ မြီရှင်နိုင်ငံများ/ အဖွဲ့အစည်းများနှင့် စာချုပ်ချုပ်ဆိုခဲ့ပါသည်-

| စဉ် | နိုင်ငံ | လက်မှတ်ရေးထိုးသည့်နေ့ |
|---|---|---|
| ၁ | **G-20 အဖွဲ့ဝင်နိုင်ငံ** | |
| | (က) တရုတ်ပြည်သူ့သမ္မတနိုင်ငံ | |
| | (၁) EXIM Bank of China | |
| | - Buyer's Credit (BC)ချေးငွေစီမံကိန်း(၄)ခု | ၃၀-၇-၂၀၂၁ |
| | - Government Concessional Loan(GCL) ချေးငွေစီမံကိန်း(၃)ခု | ၃၀-၉-၂၀၂၁ |
| | (၂) China Development Bank (CDB) ချေးငွေစီမံကိန်း (၅)ခု | ၂၀-၅-၂၀၂၁ |

၂၉။ ၂၀၂၁ ခုနှစ်၊ ဧပြီလ ၇ ရက်နေ့တွင် ကျင်းပခဲ့သည့် G-20 Finance Track Ministerial Meeting တွင် နောက်ဆုံးအကြိမ် ကြွေးမြီရွှေ့ဆိုင်းခြင်းအစီအစဉ် (Final Extension of DSSI)ကို ၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလအထိ တိုးမြှင့်ခဲ့ပါသည်။ ၎င်းကာလအတွင်း ပေးဆပ်ရမည့် အရင်း၊ အတိုးများကို ဆိုင်းငံ့ကာလ (၁)နှစ်၊ ပြန်ဆပ်ကာလ (၅)နှစ်၊ စုစုပေါင်း (၆)နှစ်ဖြင့် ရွှေ့ဆိုင်းပေးခြင်းဖြစ်ပါသည်။ ၎င်းအစီအစဉ်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ EXIM Bank of China မှ Buyer's Credit (BC) ချေးငွေစီမံကိန်း(၂) ခု အတွက်သာ ဆောင်ရွက်ခဲ့ပါသည်။

## အပိုင်း (ဂ)

## ပြည်တွင်းကြွေးမြီအခြေအနေ

### ကာလအပိုင်းအခြားအလိုက်ရယူခဲ့သည့် ပြည်တွင်းကြွေးမြီအခြေအနေ

၃၀။ ၃၀-၉-၂၀၂၁ ရက်နေ့ရှိ ပြည်တွင်းကြွေးမြီပမာဏမှာ ကျပ် ၃၉,၈၈၈.၅ ဘီလီယံ ဖြစ်ပြီး ကာလအပိုင်းအခြားအလိုက် ပြည်တွင်းကြွေးမြီအခြေအနေမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(ကျပ်ဘီလီယံ)

| စဉ် | အကြောင်းအရာ | ပမာဏ | ပါဝင်မှုရာခိုင်နှုန်း |
|---|---|---:|---:|
| ၁ | ၂၀၁၁-၂၀၁၂ မတိုင်မီ ကာလအထိ | ၈,၂၇၉.၉ | ၂၁% |
| ၂ | ၂၀၁၁-၂၀၁၂ မှ ၂၀၁၅-၂၀၁၆ ကာလအတွင်း | ၇,၄၄၄.၅ | ၁၉% |
| ၃ | ၂၀၁၆-၂၀၁၇ မှ ၂၀၂၀-၂၀၂၁ ကာလအတွင်း | ၂၄,၁၆၄.၁ | ၆၀% |
| **စုစုပေါင်း** | | **၃၉,၈၈၈.၅** | **၁၀၀%** |

## အစိုးရငွေချေးသက်သေခံလက်မှတ်အမျိုးအစားအလိုက် ပြည်တွင်းကြွေးမြီအခြေအနေ

၃၁။ ၃၀-၉-၂၀၂၁ ရက်နေ့ရှိ အစိုးရငွေချေးသက်သေခံလက်မှတ်အမျိုးအစားအလိုက် ပြည်တွင်းကြွေးမြီအခြေအနေမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(ကျပ် ဘီလီယံ)

| စဉ် | အကြောင်းအရာ | ပမာဏ | ပါဝင်မှုရာခိုင်နှုန်း |
|---|---|---|---|
| ၁။ | အစိုးရငွေတိုက်စာချုပ် | ၁၀,၆၈၅.၅ | ၂၇% |
| ၂။ | အစိုးရငွေတိုက်လက်မှတ် | ၄,၃၅၄.၄ | ၁၁% |
| ၃။ | ဗဟိုဘဏ်မှ ချေးယူခြင်း | ၂၄,၈၄၈.၆ | ၆၂% |
| **စုစုပေါင်း** | | **၃၉,၈၈၈.၅** | **၁၀၀%** |

## ပြည်တွင်းကြွေးမြီဆိုင်ရာဆောင်ရွက်ချက်များ

၃၂။ **ငွေတိုက်လက်မှတ်များ။** ၂၀၂၀-၂၀၂၁ ခု၊ ဘဏ္ဍာရေးနှစ်တွင် အစိုးရငွေတိုက်လက်မှတ်များအား ဈေးပြိုင်စနစ်ဖြင့် ရောင်းချရာ၌ (၃) လသက်တမ်းရှိသော အစိုးရငွေတိုက်လက်မှတ်များကို အတိုးနှုန်း ၇.၂% ~ ၇.၉၉% အထိလည်းကောင်း ၊ (၆) လ သက်တမ်းအတွက် အတိုးနှုန်း ၇.၆% ~ ၈.၄% အထိလည်းကောင်း၊ (၁)နှစ် သက်တမ်းအတွက် အတိုးနှုန်း ၈.၀၉၉% ~ ၉.၀၅% အထိလည်းကောင်း တစ်လလျှင် (၂) ကြိမ်နှုန်းဖြင့် (၂၃) ကြိမ် ရောင်းချခဲ့ပါသည်။

၃၃။ **ငွေတိုက်စာချုပ်များ။** ၂၀၂၀-၂၀၂၁ ခု၊ ဘဏ္ဍာရေးနှစ်တွင် အစိုးရငွေတိုက်စာချုပ်များအား ဈေးပြိုင်စနစ်ဖြင့် (၂) နှစ်၊ (၃) နှစ်နှင့် (၅) နှစ် သက်တမ်းများကို ထုတ်ဝေရောင်းချခဲ့ပါသည်။ အစိုးရငွေတိုက်စာချုပ်များ၏ သက်တမ်းစေ့ရောက်မည့်နေ့အား မေလနှင့် နိုဝင်ဘာလ သတ်မှတ်၍ ၂၀၁၆ ခုနှစ်၊ စက်တင်ဘာလမှစတင်ပြီး ထုတ်ဝေရောင်းချခဲ့ရာ ၎င်းလများတွင် ပြန်လည်ရွေးနုတ်မည့်ပမာဏ များလာပါသဖြင့် ၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလ ၂၁ ရက်နေ့မှစ၍ သက်တမ်းစေ့ရောက်မည့်နေ့အား ဖေဖော်ဝါရီလနှင့် ဩဂုတ်လတို့ကို ထပ်မံတိုးချဲ့ထုတ်ဝေရောင်းချခဲ့ပါသည်။

၃၄။ ၁၂-၃-၂၀၂၀ ရက်နေ့တွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်က လျှော့ချပြင်ဆင်ခဲ့သည့် အတိုးနှုန်းနှင့် လိုက်လျောညီထွေမှုရှိစေရန် အစိုးရငွေတိုက်စာချုပ် ကူပွန်နှုန်းများကိုလည်းလျှော့ချ၍ သက်တမ်းအသစ်များကို ၂၀၂၀ ပြည့်နှစ်၊ မေလမှစ၍ ထုတ်ဝေရောင်းချခဲ့ပါသည်။ သို့ပါ၍ (၂) နှစ် သက်တမ်းကို ကူပွန်နှုန်း ၇.၂၅% နှင့် (၅) နှစ်သက်တမ်းကို ကူပွန်နှုန်း ၇.၅% ဖြင့် ထုတ်ဝေခဲ့ပါသည်။ ၂၀၂၀-၂၀၂၁ ခု၊ ဘဏ္ဍာရေးနှစ်တွင် အစိုးရငွေတိုက်စာချုပ်များကို ဩဂုတ်လမှလွဲ၍ တစ်လ

လျှင် တစ်ကြိမ်နှုန်းဖြင့် (၁၁) ကြိမ် ရောင်းချခဲ့သော်လည်း ဧပြီလတွင် ကျင်းပပြုလုပ်သည့် လေလံပွဲတွင် ဘဏ်/ အဖွဲ့အစည်းများမှ လေလံဝင်ရောက်ခြင်း မရှိခဲ့ပါ။

၃၅။ လစဉ် အစိုးရငွေတိုက်လက်မှတ်နှင့် အစိုးရငွေတိုက်စာချုပ်များရောင်းချရာတွင် ယခင်လကုန်ဆုံးသည့်အချိန်ရှိ ပြည်ထောင်စုအစိုးရအပ်ငွေစာရင်း၏ အခြေအနေအပေါ်မူတည်၍လည်းကောင်း၊ ပြည်ထောင်စုအဆင့် ဌာန/အဖွဲ့အစည်းများ၏ ငွေသားစီမံချက် (ခန့်မှန်း) အပေါ်မူတည်၍လည်းကောင်း၊ လအလိုက် အစိုးရငွေချေးသက်သေခံလက်မှတ်များ ပြန်လည်ရွေးနုတ်မည့်ပမာဏပေါ်မူတည်၍လည်းကောင်း ပြည်ထောင်စုလွှတ်တော်က အတည်ပြုထားသည့် အများဆုံးချေးယူနိုင်သည့်ပမာဏအတွင်း ရောင်းချနိုင်ခဲ့ပါသည်။

## ပြည်ထောင်စုအစိုးရအပ်ငွေစာရင်း၏ လိုငွေဖြည့်ဆည်းမှု

၃၆။ ၂၀၂၀-၂၀၂၁ ခု၊ ဘဏ္ဍာရေးနှစ်တွင် ပြည်ထောင်စုအစိုးရအပ်ငွေစာရင်း၌ ပြည်တွင်းမှ ငွေချေးယူခြင်းဖြင့် အသားတင်ဖြည့်ဆည်းမှုပမာဏမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(ကျပ်ဘီလီယံ)


| စဉ် | အကြောင်းအရာ | ရောင်းချခြင်း | ရွေးနုတ်ခြင်း | အသားတင်ဖြည့်ဆည်းမှု | ပါဝင်မှုရာခိုင်နှုန်း |
|---|---|---|---|---|---|
| ၁ | ၂ | ၃ | ၄ | ၅=(၃-၄) | ၆ |
| ၁ | **အစိုးရငွေတိုက်စာချုပ်များ** | **၂,၃၆၀.၅** | **၁,၂၄၇.၅** | **၁,၁၁၃.၀** | **၁၂.၀%** |
| | *- လေလံစနစ်မတိုင်မီ* | - | *၁၃၉.၉* | *(-) ၁၃၉.၉* | *(-)၁.၅%* |
| | *- လေလံစနစ်ဖြင့်ရောင်းချခြင်း* | *၂,၃၆၀.၅* | *၁, ၁၀၇.၆* | *၁,၂၅၂.၉* | *၁၃.၅%* |
| ၂ | **အစိုးရငွေတိုက်လက်မှတ်များ** | ***၂၁,၆၈၄.၀*** | ***၁၃,၅၀၆.၃*** | **၈,၁၇၇.၇** | **၈၈.၀%** |
| | *- လေလံစနစ်ဖြင့်ရောင်းချခြင်း* | *၁၀,၇၉၃.၅* | *၁၁,၅၉၈.၄* | *(-)၈၀၄.၉* | *(-)၈.၇%* |
| | *- ဗဟိုဘဏ်သို့ရောင်းချခြင်း* | *၁၀,၈၉၀.၅* | *၁,၉၀၇.၉* | *၈,၉၈၂.၆* | *၉၆.၇%* |
| | **စုစုပေါင်း** | **၂၄,၀၄၄.၅** | **၁၄,၇၅၃.၈** | **၉,၂၉၀.၇** | **၁၀၀ %** |

၃၇။ ၂၀၂၀-၂၀၂၁ ခု၊ ဘဏ္ဍာရေးနှစ်တွင် ပြည်ထောင်စုအစိုးရအပ်ငွေစာရင်း၏ လိုငွေဖြည့်ဆည်းရာ၌ မြန်မာနိုင်ငံတော်ဗဟိုဘဏ်သို့ ငွေတိုက်လက်မှတ်များရောင်းချခြင်း တစ်နည်းအားဖြင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ငွေချေးယူခြင်းမှာ အများဆုံးဖြစ်ပြီး ရာခိုင်နှုန်းအားဖြင့် ၉၆.၇% ဖြစ်ပါသည်။ ၂၀၂၀-၂၀၂၁ ခု၊ ဘဏ္ဍာရေးနှစ်တွင် ရင်းနှီးမြှုပ်နှံသူများအနေဖြင့် ငွေဖြစ်လွယ်သောသက်တမ်းတိုသည့် အစိုးရငွေတိုက်လက်မှတ်များကိုသာ ပိုမိုဝယ်ယူသော်လည်း ရွေးနုတ်မည့်ပမာဏ ပြည့်မီအောင် ရောင်းချနိုင်ခြင်းမရှိသည်ကို တွေ့ရှိရပါသည်။

## ပြည်တွင်းချေးငွေများအပေါ် နိုင်ငံတော်ကကျခံရသည့် အတိုးစရိတ်


၃၈။ ၂၀၁၅ ခုနှစ်မှစ၍ ဈေးကွက်က သတ်မှတ်သည့်အတိုးနှုန်းဖြင့် ရောင်းချလျက်ရှိခြင်း၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်သို့ ၂၀၁၆-၂၀၁၇ ခု၊ ဘဏ္ဍာရေးနှစ်မှစတင်၍ ပျမ်းမျှဈေးကွက် အတိုးနှုန်း (Average Market Auction Rate) ဖြင့် ပေးချေရခြင်း၊ ပြည်ထောင်စု၏ဘတ်ဂျက်မှာ နှစ်စဉ်လိုငွေဖြစ်ပေါ်လျက်ရှိသဖြင့် ၎င်းလိုငွေကို ဖြည့်ဆည်းပေးနေရခြင်း၊ ယခင်မြန်မာနိုင်ငံတော်ဗဟိုဘဏ်ထံမှရယူထားသည့် ကြွေးဟောင်းများအား ရွေးနုတ်နိုင်မှုမရှိသေးခြင်းစသည်တို့ကြောင့် နိုင်ငံတော်ကကျခံရသည့် ပြည်တွင်းချေးငွေအပေါ် ပေးချေရသည့်အတိုးစရိတ်မှာ နှစ်စဉ်မြင့်တက်လျက်ရှိပါသည်။


၃၉။ ၂၀၁၁-၂၀၁၂ ခု၊ ဘဏ္ဍာရေးနှစ်မှ ၂၀၂၀-၂၀၂၁ ခု၊ ဘဏ္ဍာရေးနှစ်အထိ ပြည်တွင်းကြွေးမြီအပေါ် ပေးရသည့်အတိုးနှင့် စီမံခန့်ခွဲမှုစရိတ်မှာ အောက်ပါအတိုင်းဖြစ်ပါသည်-




၄၀။ ၂၀၂၀-၂၀၂၁ ခု၊ ဘဏ္ဍာရေးနှစ်တွင် ပြည်တွင်းအတိုးနှင့် စီမံခန့်ခွဲမှုစရိတ် ကျပ် ၂,၂၈၃.၉၆၉ ဘီလီယံအနက် မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ချေးယူထားသည့်အပေါ် အတိုးနှင့်စီမံခန့်ခွဲမှုစရိတ်မှာ ကျပ် ၉၈၉.၂၂၁ ဘီလီယံ ရှိပါသည်။ ၎င်းအနက် ကြွေးဟောင်း ကျပ် ၇,၆၄၃.၅၀၉ ဘီလီယံအပေါ်ပေးရသည့် အတိုးနှင့် စီမံခန့်ခွဲမှုစရိတ်မှာ ကျပ် ၃၁၀.၂၁၈ ဘီလီယံဖြစ်ပြီး ရာခိုင်နှုန်းအားဖြင့် စုစုပေါင်း၏ ၁၄% ခန့်ရှိပါသည်။


၄၁။ ၂၀၂၀-၂၀၂၁ ခု၊ ဘဏ္ဍာရေးနှစ်တွင် အစိုးရငွေတိုက်လက်မှတ်၊ ငွေတိုက်စာချုပ်များ၏ Weighted Average Rate အား အောက်ပါပုံကားချပ်ဖြင့် ဖော်ပြအပ်ပါသည်-





၄၂။ အထက်အပိုဒ် ၄၁ ပါ အစိုးရငွေချေးသက်သေခံလက်မှတ်များ၏ Weighted Average Rate များကိုလေ့လာကြည့်ပါက အစိုးရငွေတိုက်လက်မှတ်၏ သက်တမ်းအလိုက် အတိုးနှုန်းများမှာ ကွာခြားမှုမရှိပါ။ အစိုးရငွေတိုက်စာချုပ်၏ သက်တမ်းအလိုက် အတိုးနှုန်းများမှာ ဘဏ္ဍာနှစ် အစ ပိုင်းတွင်သာ ကွာခြားမှုရှိသည်ကို တွေ့ရှိရပါသည်။ ၂၀၂၀ပြည့်နှစ်၊ မေလမှစ၍ အတိုးနှုန်းများ လျှော့ချရန် ဆောင်ရွက်သော်လည်း ဈေးကွက်အခြေအနေအရ အတိုးနှုန်းအနည်းငယ်သာလျှော့ ချနိုင်ခဲ့ပါသည်။

၄၃။ ၂၀၂၀-၂၀၂၁ ခု၊ ဘဏ္ဍာရေးနှစ်တွင် အစိုးရငွေချေးသက်သေခံလက်မှတ်များအား အဖွဲ့ အစည်းအလိုက် ရင်းနှီးမြှုပ်နှံမှုအခြေအနေမှာ အောက်ပါအတိုင်းဖြစ်ပါသည်-





၄၄။ အဖွဲ့အစည်းအလိုက်ရင်းနှီးမြှုပ်နှံမှုများတွင် အစိုးရငွေတိုက်လက်မှတ်များကို နိုင်ငံတော် ပိုင်ဘဏ်များက အများဆုံးဝယ်ယူပြီး အစိုးရငွေတိုက်စာချုပ်များကိုမူ ပုဂ္ဂလိကဘဏ်များက အများဆုံးရင်းနှီးမြှုပ်နှံထားသည်ကို တွေ့ရှိရပါသည်။

၄၅။ အစိုးရငွေချေးသက်သေခံလက်မှတ်များအား သက်တမ်းအလိုက်ရောင်းချခဲ့သည့် အခြေအနေ မှာ အောက်ပါအတိုင်းဖြစ်ပါသည်-

၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်အတွင်း အစိုးရငွေချေးသက်သေခံလက်မှတ်များ
ရောင်းချမှုအခြေအနေ(ကျပ်ဘီလီယံ)




၄၆။ ၂၀၂၀-၂၀၂၁ ခု၊ ဘဏ္ဍာရေးနှစ်တွင် အစိုးရငွေချေးသက်သေခံလက်မှတ်များ၏ ရောင်းချခဲ့မှု အခြေအနေမှာ (၃)လ သက်တမ်းရှိ အစိုးရငွေတိုက်လက်မှတ်များအား အများဆုံးရောင်းချခဲ့ရပြီး အစိုးရငွေတိုက်စာချုပ်တွင် သက်တမ်းရှည်သည့်(၅)နှစ် သက်တမ်းကို ဝယ်ယူမှုအများဆုံးဖြစ်ကြောင်း တွေ့ရှိရပါသည်။ ရင်းနှီးမြှုပ်နှံသူများအနေဖြင့် ငွေဖြစ်လွယ်သည့် ကာလတိုအစိုးရငွေတိုက်လက်မှတ်များကိုသာ ပိုမိုရင်းနှီးမြှုပ်နှံကြသည်ကို တွေ့ရှိရပါသည်။

## ဘဏ္ဍာရေးနှစ်အလိုက် ပြည်တွင်းကြွေးမြီအခြေအနေ

၄၇။ ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ်မှ ၂၀၂၀-၂၀၂၁ ခု၊ ဘဏ္ဍာရေးနှစ်အထိ ဘဏ္ဍာရေးနှစ်ကုန်ဆုံးသည့်အချိန်ရှိ ပြည်တွင်းကြွေးမြီအခြေအနေမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(ကျပ်ဘီလီယံ)

| စဉ် | အကြောင်းအရာ | ၃၀-၉-၂၀၁၉ | ၃၀-၉-၂၀၂၀ | ၃၀-၉-၂၀၂၁ |
|---|---|---|---|---|
| ၁ | အစိုးရငွေတိုက်စာချုပ် | ၇,၀၉၂.၀ | ၉,၅၇၂.၅ | ၁၀,၆၈၅.၅ |
| ၂ | အစိုးရငွေတိုက်လက်မှတ် | ၃,၀၂၀.၇ | ၅,၁၅၉.၃ | ၄,၃၅၄.၄ |
| ၃ | ဗဟိုဘဏ်သို့ ရောင်းချခြင်း | ၁၅,၁၃၁.၀ | ၁၅,၈၆၆.၀ | ၂၄,၈၄၈.၆ |
| | စုစုပေါင်း | ၂၅,၂၄၃.၇ | ၃၀,၅၉၇.၈ | ၃၉,၈၈၈.၅ |
| | တိုးတက်မှုနှုန်း | - | ၂၁.၂၁% | ၃၀.၃၆% |

၄၈။ အထက်ဖော်ပြပါဇယားအရ ပြည်တွင်းကြွေးမြီအခြေအနေအား ယခင်ဘဏ္ဍာနှစ်ကုန်ရှိ အခြေအနေနှင့် နှိုင်းယှဉ်ပါက ၃၀-၉-၂၀၂၀ ရက်နေ့တွင် ၂၁.၂၁%၊ ၃၀-၉-၂၀၂၁ ရက်နေ့တွင် ၃၀.၃၆% တိုးတက်လာပါသဖြင့် ပြည်တွင်းကြွေးမြီတိုးတက်မှုနှုန်းမှာ တဖြည်းဖြည်းမြင့်တက်လျက်ရှိပါသည်။

# အပိုင်း (ဃ)

# အစိုးရက ငွေထုတ်ချေးခြင်းနှင့် ထပ်ဆင့်ငွေထုတ်ချေးခြင်း

၄၉။ ဖွဲ့စည်းပုံအခြေခံဥပဒေ၊ တည်ဆဲဥပဒေများနှင့်အညီ နိုင်ငံတော်ကိုယ်စား စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနက ပြည်ပချေးငွေများကို တာဝန်ခံချေးယူပြီး သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များသို့ ထပ်ဆင့်ထုတ်ချေးခြင်းကို ဆောင်ရွက်လျက်ရှိပါသည်။ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနသည် ဂျပန်နိုင်ငံ၊ JICA မှ အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများအတွက် ချေးငွေပမာဏ ဂျပန်ယန်း ၁၅ ဘီလီယံကို ရယူခဲ့ပြီး မြန်မာ့စီးပွားရေးဘဏ်သို့ ထပ်ဆင့်ထုတ်ချေးခဲ့ပါသည်။ အဆိုပါစီမံကိန်းဆောင်ရွက်ရန် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနကိုယ်စား ငွေတိုက်ဦးစီးဌာနနှင့် မြန်မာ့စီးပွားရေးဘဏ်တို့အကြား ငွေရေးကြေးရေးဆိုင်ရာ စီမံခန့်ခွဲမှုသဘောတူစာချုပ်ကို ၁၉-၁-၂၀၂၂ ရက်နေ့တွင် လက်မှတ်ရေးထိုးခဲ့ပါသည်။

## အစိုးရ၏အာမခံချက်

၅၀။ ၂၀၂၀-၂၀၂၁ ခု၊ ဘဏ္ဍာရေးနှစ်အထိ အစိုးရမဟုတ်သောအဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂလိကစီမံကိန်းများသို့ နိုင်ငံတော်က အာမခံချက် ထုတ်ပေးထားခြင်း မရှိသေးပါ။

## သုံးသပ်ချက်

၅၁။ ၂၀၁၉ ခုနှစ်၊ ကာလလတ်ကြွေးမြီစီမံခန့်ခွဲမှုမဟာဗျူဟာပါ အစိုးရကြွေးမြီဆိုင်ရာဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များနှင့်အညီ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်စေရန် စီမံကိန်းများအတွက် ပြည်ပမှ သက်သာသောချေးငွေများကို ဦးစားပေးရယူခဲ့ပါသည်။ စီမံကိန်းအများစုမှာ ချေးငွေထုတ်ယူသုံးစွဲဆဲဖြစ်ခြင်းနှင့် အရင်းပြန်လည်ပေးဆပ်မှုမရှိသေးခြင်းတို့ကြောင့် ပြည်ပကြွေးမြီလက်ကျန်မှာ တိုးမြင့်လာခြင်းဖြစ်ပါသည်။ သို့ရာတွင် ၁-၂-၂၀၂၁ ရက်နေ့မှစ၍ မြီရှင်နိုင်ငံအချို့ (အာရှဖွံ့ဖြိုးရေးဘဏ်၊ ကမ္ဘာ့ဘဏ်၊ ဥရောပနိုင်ငံများ) က မြန်မာနိုင်ငံသို့ ချေးငွေထုတ်ပေးမှုကို ယာယီရပ်ဆိုင်းထားသဖြင့် အဆိုပါမြီရှင်နိုင်ငံ/ အဖွဲ့အစည်းများမှ ချေးငွေထပ်မံထုတ်ယူ၍မရခြင်းကြောင့် ၂၀၂၀-၂၀၂၁ ခု၊ ဘဏ္ဍာရေးနှစ်တွင် ထုတ်ယူသုံးစွဲမှုလျော့နည်းသွားပါသည်။

၅၂။ ကိုဗစ်-၁၉ ကူးစက်မြန်ရောဂါကြောင့် စီးပွားရေးထိခိုက်မှုများကို ကုစားနိုင်ရန်အတွက် G-20 နိုင်ငံများနှင့် ပဲရစ်ကလပ်နိုင်ငံများက ပြုလုပ်သည့် ကြွေးမြီရွှေ့ဆိုင်းသည့်အစီအစဉ် (Debt Service Suspension Initiative-DSSI)ကို မြန်မာနိုင်ငံက ပါဝင်ဆောင်ရွက်ခဲ့သဖြင့် ချေးငွေပေးဆပ်ရမည့်ကာလကို တိုးမြှင့်နိုင်ခဲ့ပါသည်။ သို့သော် ချေးငွေပေးဆပ်ရမည့်ကာလ တိုးမြှင့်ခဲ့ခြင်း၊

မူလအရင်းနှင့် အတိုးပေါင်း၍ ပေးဆပ်ရမည့် အရင်းအဖြစ် သတ်မှတ်တွက်ချက်ခြင်းတို့ကြောင့် အတိုးပေးရသည့် ပမာဏလည်း ပိုမိုလာသည်ကို တွေ့ရှိရပါသည်။

၅၃။ ၂၀၂၀-၂၀၂၁ ခု၊ ဘဏ္ဍာရေးနှစ်တွင် ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ်ကဲ့သို့ ပြည်ထောင်စု အစိုးရအသုံးစာရင်း၏လိုငွေအား ပြည်တွင်းမှချေးငွေသာမက ပြည်ပမှလည်း ချေးငွေရယူ၍ ဖြည့်ဆည်းခဲ့ပါသည်။

**နိဂုံး**

၅၄။ နိုင်ငံတော်၏ ဘဏ္ဍာငွေလိုအပ်ချက်အရ ပြည်ပမှ ချေးငွေများရယူရာတွင် သက်သာသော ချေးငွေများရယူရန်ဖြစ်ပြီး ချေးငွေပြန်လည်ပေးဆပ်ရန်ကိုလည်း ကြိုတင်စီစဉ်ထားရှိရမည်ဖြစ်ပါသည်။ ပြည်ပချေးငွေဖြင့် ဆောင်ရွက်သည့်စီမံကိန်းနှင့် လုပ်ငန်းများ အကောင်အထည်ဖော်မဆောင်ရွက်မီ ကြိုတင်လေ့လာဆန်းစစ်ရန်နှင့် အကောင်အထည်ဖော်စဉ်ကာလတွင် စနစ်တကျ ကြီးကြပ်ရန်လို အပ်ပါသည်။ စီမံကိန်း/ လုပ်ငန်းများပြီးစီးပါက ရေရှည်တည်တံ့ခိုင်မြဲစေရန်အတွက် အစီအမံများ ချမှတ်၍ ဆောင်ရွက်သွားရမည်ဖြစ်ပါသည်။

၅၅။ နိုင်ငံတော်အနေဖြင့် ရငွေများတိုးတက်ရရှိရန်ကြိုးပမ်းဆောင်ရွက်ခြင်း၊ အသုံးစရိတ်များ စိစစ်သုံးစွဲခြင်းနှင့် ပြည်တွင်းအရင်းအနှီးဈေးကွက်ဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းဆောင်ရွက်ခြင်း တို့ကို စဉ်ဆက်မပြတ် ဆောင်ရွက်သွားရမည်ဖြစ်ပါသည်။

# နှစ်အလိုက် ငွေကြေးအမျိုးစားများ၏ ငွေလဲလှယ်နှုန်း

| စဉ် | ငွေကြေးအမျိုးအစား | ၃၀-၉-၂၀၁၉ | ၃၀-၉-၂၀၂၀ | ၃၀-၉-၂၀၂၁ |
|---|---|---|---|---|
| | ၁ ငွေကြေးလျှင်ညီမျှသောအမေရိကန်ဒေါ်လာ | | | |
| ၁ | Australian dollor (AUD) | ၀.၆၇၄၉၀ | ၀.၇၁၀၈၀ | ၀.၇၂၀၆၀ |
| ၂ | Euro (EUR) | ၁.၀၈၈၉၀ | ၀.၁၇၀၈၀ | ၁.၁၅၇၉၀ |
| ၃ | U.K. pound sterling (GBP) | ၁.၂၃၀၁၀ | ၁.၂၈၃၂၅ | ၁.၃၄၃၅၀ |
| ၄ | Special Drawing Right(SDR) | ၁.၃၆၃၃၁ | ၁.၄၀၇၅၇ | ၁.၄၀၈၈၇ |
| | ၁ အမေရိကန်ဒေါ်လာလျှင်ညီမျှသောငွေကြေး | | | |
| ၅ | Canadian dollor (CAD) | ၁.၃၂၄၃၀ | ၁.၃၃၃၉၀ | ၁.၂၇၄၁၀ |
| ၆ | Chinese yuan (CNY) | ၇.၁၂၉၂၀ | ၆.၈၀၈၆၀ | ၆.၄၆၃၄၀ |
| ၇ | Danish krone (DKK) | ၆.၈၅၆၆၀ | ၆.၃၅၉၉၀ | ၆.၄၂၂၀၀ |
| ၈ | Japanese yen (JPY) | ၁၀၇.၉၅၀၀၀ | ၁၀၅.၇၉၀၀၀ | ၁၁၁.၉၁၀၀၀ |
| ၉ | Korean won (KRW) | ၁၂၀၁.၃၀၀၀၀ | ၁၁၇၃.၅၀၀၀၀ | ၁၁၈၄.၉၀၀၀၀ |
| ၁၀ | Norwegian krone (NOK) | ၉.၀၈၇၄၀ | ၉.၄၈၁၄၀ | ၈.၇၇၈၈၀ |
| ၁၁ | Swedish krona (SEK) | ၉.၈၀၄၇၀ | ၈.၉၈၈၃၀ | ၈.၇၉၁၁၀ |
| ၁၂ | Swiss franc (CHF) | ၀.၉၉၅၃၅ | ၀.၉၂၂၀၀ | ၀.၉၃၆၄၅ |
| ၁၃ | Thai baht (THB) | ၃၀.၅၇၅၀၀ | ၃၁.၆၆၄၀၀ | ၃၃.၈၉၇၀၀ |
| ၁၄ | Saudi Arabian riyal (SAR) | ၃.၇၅၀၀၀ | ၃.၇၅၀၀၀ | ၃.၇၅၀၀၀ |
| | | | | |

မှတ်ချက်။ https://www.imf.org/ ဝက်ဘ်ဆိုက်မှ နိုင်ငံခြားငွေလဲလှယ်နှုန်းဖြင့် တွက်ချက်ထားပါသည်။

# အတိုကောက်အသုံးအနှုန်းများ

| | | |
|---|---|---|
| ADB | – | Asian Development Bank<br>(အာရှဖွံ့ဖြိုးရေးဘဏ်) |
| AIF | – | Asean Infrastructure Fund<br>(အာဆီယံအခြေခံအဆောက်အအုံဆိုင်ရာရန်ပုံငွေ) |
| AFD | – | Agence Francaise De Developpement<br>(ပြင်သစ်နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့) |
| IDA | – | International Development Association<br>(အပြည်ပြည်ဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့) |
| IMF | – | International Monetary Fund<br>(အပြည်ပြည်ဆိုင်ရာငွေကြေးရန်ပုံငွေအဖွဲ့) |
| JICA | – | Japan International Cooperation Agency<br>(ဂျပန်အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ) |
| IFAD | – | International Fund for Agricultural Development<br>(အပြည်ပြည်ဆိုင်ရာစိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်မှုရန်ပုံငွေအဖွဲ့) |
| OPEC | – | Organization of Petroleum Exporting Countries<br>(ရေနံတင်ပို့ရောင်းချသော နိုင်ငံများအဖွဲ့) |
| NEDA | – | Neighboring Countries Economic Development Cooperation Agency<br>(အိမ်နီးချင်းနိုင်ငံများ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ပူးပေါင်းဆောင်ရွက်ရေး အဖွဲ့အစည်း) (အစိုးရအဖွဲ့အစည်း) |
| DSSI | – | Debt Service Suspension Initiative<br>ကြွေးမြီရွှေ့ဆိုင်းခြင်းအစီအစဉ် |

<u>အစိုးရ၏ကြေးမြီဆိုင်ရာ  နှစ်ပတ်လည်အစီရင်ခံစာပါ  အချက်အလက်များနှင့်ပတ်သက်၍ အောက်ပါလိပ်စာသို့ စုံစမ်းနိုင်ပါသည်-</u>

ရုံးလိပ်စာ:    ရုံးအမှတ် (၃၄)၊  ကြွေးမြီမူဝါဒနှင့် ဆန်းစစ်ရေးဌာနစု၊ ကြွေးမြီစီမံခန့်ခွဲမှုဌာနခွဲ၊
ငွေတိုက်ဦးစီးဌာန၊  စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ နေပြည်တော်။

ဖုန်းနံပါတ်:    ၀၆၇- ၃၄၁၀၁၇၁
၀၆၇-၃၄၁၀၁၇၂

<u>ဤအစီရင်ခံစာကို အောက်ပါ website တွင်လည်း ကူးယူနိုင်ပါသည်-</u>

**Website:**    [www.mopf.gov.mm](http://www.mopf.gov.mm)